ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက် ကြာသပတေးနေ့။ Thursday, 13 July 2017 (၈၉၈၄)

# နိုင်ငံ၏စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍဖြစ်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အရေးကြီး

နေပြည်တော် ဇူလိုင် ၁၂

**ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။(အောက်ပုံ)**



အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်နှင့် ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် ဘဏ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**လွမ်းဆွတ်တမ်းတ ... မေ့မရ**

နှစ် (၇၀)ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ - ၆

**မြန်မာနှင့် မလေးရှားအသင်း မလေးရှားနိုင်ငံ၌ ခြေစမ်းမည်**

စာမျက်နှာ - ၈

**ပြည်ပသတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ သတင်းရယူရန်ထွက်ခွာ**

စာမျက်နှာ - ၉

**Yangon Water Bus တွင် ကတ်စနစ်နှင့် လက်မှတ်စနစ် ငွေပေးချေမှုပုံစံ ကျင့်သုံးမည်**

စာမျက်နှာ - ၁၁

**ဇွန်လအတွင်း ပြည်တွင်းပြည်ပ အလုပ်နေရာ ၂၅၀၀၀ ကျော် ခန့်ထားနိုင်ခဲ့**

စာမျက်နှာ - ၁၆

# ချင်းပြည်နယ်အတွင်း လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်နိုင်ရန် အသိပညာပေးကျောင်းများ ဖွင့်လှစ်မည်



ချင်းပြည်နယ် ဟားခါးမြို့ကို တွေ့ရစဉ်။

**ဟားခါး ဇူလိုင် ၁၂**

ချင်းပြည်နယ်အတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟားခါးနှင့် ပလက်ဝစက်မှုဇုန်တည်ထောင်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရန် အသိပညာပေးကျောင်းများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသအတွင်း စက်မှုဇုန်တည်ထောင်ပါက ကျွမ်းကျင်လုပ်သားလိုအပ်ချက်ရှိလာနိုင်သောကြောင့် ယင်းအသိပညာပေးကျောင်းများမှ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် ချင်းရိုးရာရက်ကန်းလုပ်ကိုင်သူများအဖွဲ့၊ ချင်းပြည်နယ်စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၊ ဝဥ၊ ထောပတ်သီး၊ ကော်ဖီနှင့် အခြားစိုက်ပျိုးထုတ်လုပ်သူအဖွဲ့များအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် သက်ဆိုင်ရာဘဏ်များနှင့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အချိုးမျှတဖွံ့ဖြိုးမှု အနာဂတ်လှုပ

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးပွားနေသည်မှာမှန်သည်။ တစ်ကမ္ဘာလုံးနှင့်နှိုင်းယှဉ်ပြီး လူဦးရေတိုးတက်လာမှုအတွက် ကြုံတွေ့လာနိုင်သော စိန်ခေါ်မှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းကြရမည်ဖြစ်သည်။ ဒေသအလိုက် နှိုင်းယှဉ်ကြည့်လျှင် လူဦးရေတိုးပွားမှု ကြီးမားသောကြောင့် ကြုံတွေ့လာနိုင်သောစိန်ခေါ်မှုများကို ပေါင်းစပ်ညှိနှိုင်း အဖြေရှာရမည်ဖြစ်သည်။

လူဦးရေအချိုးအစားမညီမျှမှုကို လေ့လာကြည့်ရှုညှိနှိုင်းမှုပြုရာတွင် မြန်မာနိုင်ငံလည်းပါဝင်နေပြီး သားဆက်ခြားခြင်း၊ သားဆက်မခြားခြင်းတို့ကို ထိန်းညှိပညာပေးရေး ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၃ ဒသမ ၄ သန်း ရှိလာမည်ဟုခန့်မှန်းထားသည်။ ထိုလူဦးရေတွင် အသက်(၁၅)နှစ်မှ (၄၉) နှစ်အကြား ကလေးမွေးဖွားနိုင်သည့် အမျိုးသမီးဦးရေမှာ ၁၅ သန်းခန့်ရှိသည်ဟုဆိုသည်။ သို့သော် ၁၅ သန်းစလုံးမှာ ကလေးမွေးဖွားခြင်းမပြုနိုင်၍ မွေးဖွားနှုန်းမမြင့်မားဟု ဆိုရမည်ဖြစ်သည်။

ဒေသတွင်းနိုင်ငံများရှိ အနောက်ဘက်အိမ်နီးချင်းနိုင်ငံတို့မှာ မွေးဖွားနှုန်းမြင့်မားကြပြီး ကျန်ဒေသတွင်းနိုင်ငံများအနက် မွေးဖွားနှုန်းနိမ့်သောနိုင်ငံများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံသည် မွေးဖွားနှုန်းအတန်အသင့်ရှိသည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံအတွင်း အမျိုးသမီးတစ်ဦးသည် ကလေး ၂ ဒသမ ၅ ယောက်နှုန်းမွေးဖွားပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကလေးနှစ်ယောက်ထက်လျော့နည်းမွေးဖွားသည်ကို တွေ့ရသည်။ သို့သော်ချင်းပြည်နယ်တွင် အမျိုးသမီးတစ်ဦးသည် ကလေး ၅ ယောက် မွေးဖွားသည်ကို တွေ့ရပြန်သည်။

ကလေးမွေးဖွားနှုန်းနည်းပါးခြင်းသည် အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ်တိုးပွားမှုကို လျော့နည်းစေပြီး ကလေးမွေးဖွားနှုန်းမြင့်တက်ခြင်းသည် ဆင်းရဲနွမ်းပါးမှုကို မြင့်မားစေသောကြောင့် အစွန်းနှစ်ဖက်လွတ်ကင်းသည့် ကလေးမွေးဖွားနှုန်း ဦးရေအချိုးအစားကို မျှတအောင် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးမွေးဖွားနှုန်းမြင့်မားသည့် ဒေသများတွင် မိသားစုစီမံကိန်းကို အကောင်အထည်ဖော်ရန်ဖြစ်ပြီး ကလေးမွေးဖွားနှုန်းလျော့နည်းသောဒေသများတွင် လိုအပ်သောကလေးအရေအတွက်ရရှိအောင် အသိပညာပေးရမည်ဖြစ်သည်။

တစ်ချိန်သောကာလက မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အိမ်ထောင်သားမွေးခြင်းအလုပ်ကို မိသားစုများက စနစ်ကျလုပ်ဆောင်ကြပြီး တစ်အိမ်ထောင်လျှင် မိသားစု ငါးဦးနှင့်အထက်ရှိကြသည်။ မိသားစုတိုင်း၊ မိသားစုတိုင်း လုံလောက်သော မိသားစုအရေအတွက်ရှိသောကြောင့် မျက်မှောက်ကာလတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံလုံလောက်ပြီး မိသားစုဝင်အချင်းချင်း ဖေးမကူညီစောင့်ရှောက်ခြင်းဖြင့် သာယာစိုပြည်သော မိသားစုအသိုက်အမြုံဘဝကို ဖန်တီးတည်ဆောက်ထားနိုင်သည်ကိုတွေ့ရသည်။

မိသားစုဝင်နည်းပါးခြင်းသည် လတ်တလောတွင် ဝန်ထုပ်ဝန်ပိုးမများသော်လည်း ရေရှည်မိသားစုဘဝနေထိုင်မှု၌ မွေးဖွားသောသားသမီးများ အဖိတ်အစင်ရှိနိုင်ခြင်း၊ လူ့သက်တမ်းစေ့မနေရခြင်းတို့နှင့် ကြုံတွေ့ရသောအခါ မိသားစုခါးဆက်ပြတ်ပြီး မျိုးရိုးတိမ်ကောနိုင်သည်ကိုလည်း သတိပြုသင့်သည်။ ထို့အပြင် သားသမီးနှင့်မိဘ မှီခိုအားထားရမှု ကင်းကွာပြီး မိသားစုအထောက်အပံ့များ လက်လွတ်ဆုံးရှုံးနိုင်သည်။

လက်ရှိတွင် မြန်မာတို့၏မိသားစုအသိုက်အဝန်း၌ ကလေးမွေးဖွားနှုန်းလျော့နည်းနေသည်မှာအမှန်ဖြစ်သည်။ ထိုသို့လျော့နည်းရာတွင် ကလေးဖျောက်ဖျက်မှုများလည်း မကြာခဏဖြစ်ပွားနေသဖြင့် အနာဂတ်မျိုးဆက်အတွက် အထူးသတိထားဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးအခက်အခဲနှင့်လူမှုဘဝနေထိုင်မှုပုံစံသစ်များကြောင့် လင်ယူသားမွေးအလေးထားခြင်း၊ မထားခြင်းကို အနာဂတ်လူသားအရင်းအမြစ်ဖြစ်ထွန်းရေးက သက်သေပြပေလိမ့်မည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုမှာ သင့်တင့်မျှတမှုရှိသော်လည်း အနာဂတ်လူသားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ထောင်သားမွေး ကလေးမွေးဖွားရေးကို နိုင်ငံအတွင်း အချိုးညီမျှတအောင် ဆောင်ရွက်သင့်သည်။ ရှိသင့်ရှိထိုက်သည့်ကလေးဦးရေမွေးဖွားနိုင်အောင် လုံခြုံစိတ်ချဖွံ့ဖြိုးသာယာသည့် မိသားစုစီမံကိန်းကို ယခုကတည်းက စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုပါသည်။ ။

# ဟိမဝန္တာဖြတ်ကျော် ဖွံ့ဖြိုးရေးဖိုရမ်တွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေး

**မန်စီ ဇူလိုင် ၁၂**

တတိယအကြိမ် ဟိမဝန္တာဖြတ်ကျော် ဖွံ့ဖြိုးရေးဖိုရမ်(The 3rd Trans-Himalaya Deveplomet Forum)ဒုတိယနေ့ကို တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ် မန်စီမြို့တွင် ဇူလိုင် ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ပညာရှင်များအသင်းအဖွဲ့ ကိုယ်စားပြုသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မေးခွန်းများမေးမြန်းခဲ့ကြသည်။

ဖိုရမ်သို့ တက်ရောက်လာသော ဟိမဝန္တာရပ်ဝန်းဒေသတွင်းရှိ နိုင်ငံများအလိုက် ကုန်ထုတ်စွမ်းအားစု မြင့်မားလာရေးနှင့်စပ်လျဉ်းပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုတင်ပြကြသည်။ တင်ပြချက်များအပေါ်တွင် အဖွဲ့ဝင်နိုင်ငံများဝိုင်းဝန်းဆွေးနွေးအဖြေရှာခြင်း၊ ဟိမဝန္တာရပ်ဝန်းဒေသနိုင်ငံများတွင် ကွဲပြားခြားနားလျက်ရှိသော ရေမြေတောတောင်သဘာဝ၊ ရာသီဥတု၊ ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများပေါ်မူတည်ပြီး ရရှိနိုင်မည့် အခွင့်အရေး၊ အားသာချက်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စိန်ခေါ်မှုများကို နိုင်ငံများအလိုက်တင်ပြကြပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့် ရင်ဆိုင်ဖြတ်ကျော်ရမည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ ခေတ်သစ်နိုင်ငံတကာဆက်ဆံရေးသုတေသနအကယ်ဒမီမှ ဥက္ကဋ္ဌ Mr. Ji Zhiyc က ဖိုရမ်တွင်ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများအပေါ်တွင် သုံးသပ်ပြောကြားပြီး ဖိုရမ်ကို ရပ်နားလိုက်သည်။ ယခုကျင်းပသည့် တတိယအကြိမ် ဟိမဝန္တာဖြတ်ကျော် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ အာဖဂန်နစ္စတန်၊ သီရိလင်္ကာ၊ ဘူတန်နှင့် မော်လဒိုက်နိုင်ငံများမှ အသင်းအဖွဲ့ ကိုယ်စားပြုသူများ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ ဟိမဝန္တာနှင့် ဆက်စပ်လျက်ရှိသော ရပ်ဝန်းဒေသမှာ ဧရိယာ စတုရန်းကီလိုမီတာပေါင်း ၁၅ သန်းခန့်ကျယ်ဝန်းပြီး လူဦးရေသန်း ၃၀၀၀ ခန့်နေထိုင်ရာ ရပ်ဝန်းဒေသတစ်ခုဖြစ်သည်။

ဟိမဝန္တာ ကုန်းမြင့်ဒေသသည် ပင်လယ်ရေမျက်နှာပြင် အထက် ပျမ်းမျှအမြင့်ပေ ၂၀၀၀၀ ကျော်မြင့်ပြီး ဧရာဝတီမြစ်အပါအဝင် မြစ်ကြီးမြစ်ငယ်ပေါင်းများစွာ မြစ်ဖျားခံစီးဆင်းရာ တောင်တန်းကြီး ဖြစ်သည်။ မြစ်များစီးဆင်းရာတစ်လျှောက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြို့ပြဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

**အေးမြ(မန္တလေး)**




# မူးယစ်ပညာပေးပြခန်းယာဉ်ဖြင့် မူးယစ်အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို သိရှိစေရန် ပြစ်မှုကျူးလွန်ခြင်း မခံရစေရန်၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် မူးယစ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ကမာရွတ်မြို့နယ် အထက(၂)ကျောင်းခန်းမ၌ ပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဟန်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၉) မှ ဒု-ရဲမှူး မျိုးဇော်ထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု-(၆) မှ ရဲအုပ်သိန်းထူး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စု (၄၃) မှ တပ်ကြပ်ကြီး ဇော်ခိုင်ထူးတို့က သက်ဆိုင်ရာ မူးယစ်အသိပညာပေးအကြောင်းအရာများ အသီးသီးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ညို၊



မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ကျောင်းကျန်းမာရေးတာဝန်ခံ အထက်တန်းပြဆရာမ ဒေါ်ခင်လေးဆွေ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ခင်မောင်သော်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်(ရွှေဈေး) ၈၉၂၅၀၀ - ၈၉၂၅၀၀ မန္တလေး(ရွှေဈေး) ၈၉၂၅၀၀ - ၈၉၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၃ ကျပ်၊ | ၆၈၀/၇၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၅/၅၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၀/၆၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၇၀/၅၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၆၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၀. ၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၁၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၀၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၂. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၂၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၉. ၅၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဗေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်



လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့
ရန်ကုန်မြို့တော်ခန်းမ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

### နိုင်ငံ၏စီးပွားရေးလုပ်ငန်းမှ

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကကဏ္ဍဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းများ ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြမှသာ တိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိဖြေရှင်းနိုင်မှသာ ပုဂ္ဂလိကအခန်းကဏ္ဍချောမောအောင်မြင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များ၏ ကဏ္ဍပေါင်းစုံအသီးသီးမှ အကြံပြုချက် ၁၀၂ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့ခဲ့ရာ ပြန်ကြားချက် ၉၉ ချက်ကို ရရှိဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစည်းအဝေးများ၌သာမက လက်တွေ့နယ်ပယ်များတွင်ပါ ပိုမိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် Doing Business အစီရင်ခံစာအရ လုပ်ငန်းကဏ္ဍ ၁၀ ရပ်၏ ညွှန်းကိန်းရမှတ်များအပေါ်၌ နိုင်ငံအလိုက်အဆင့်သတ်မှတ်ရာတွင် မိမိတို့နိုင်ငံအဆင့်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက တာဝန်ခံ၍ ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက အခန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီ၏ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက Doing Business အစီရင်ခံစာနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေများနှင့် မျှော်မှန်းချက်များကို ညွှန်းကိန်းနယ်ပယ်များအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆွေးနွေးရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၆/၂၀၁၇**
**၁၃၇၉ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်**
**(၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)**

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းတို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင် ကရင်ပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး အောင်စိုးမိုး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာနက အပ်နှံသော အခြေခံပညာကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို အဓိကထားဆောင်ရွက်ပါကြောင်း၊ အခြေခံပညာ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကျောင်းသုံးစာအုပ်များ အားလုံးကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ ၂၀ နှစ်ကြာ ပုံနှိပ်ပေးခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီး ကျောင်းသား ကျောင်းသူများ အရည်အသွေး မြင့်မားစွာကိုင်တွယ်အသုံးပြုနိုင်စေရန် စာအုပ်အတွင်းသားကို နိုင်ငံခြားစက္ကူ ဖြူချော Woodfree (70 gsm) ဖြင့်လည်းကောင်း၊ အဖုံးစက္ကူကို နိုင်ငံခြားကြွေချော Art Card (210 gsm) ဖြင့်လည်းကောင်း ပြောင်းလဲပုံနှိပ်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသုံးစာအုပ် သန်း ၂၀ ခန့်မှ ၃၅ သန်းထိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီဌာနမှ ပုံနှိပ်ဆောင်ရွက်သွားရန် လျာထားစီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသည့် ကျောင်းသုံးစာအုပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အပြီးသတ်ဆောင်ရွက်ပေးရမည့် အချိန်ကာလသတ်မှတ်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းသုံးစာအုပ်များ အရည်အသွေးမြင့်ထုတ်လုပ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကော်မတီအဖွဲ့ဝင်များက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

### ချင်းပြည်နယ်အတွင်းမှ

ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“တက္ကသိုလ်ဝင်တန်းမအောင်မြင်ဘဲ အလုပ်အကိုင်အခွင့်အလမ်း မရှိသလောက်နည်းတဲ့ ချင်းလူငယ်တွေအတွက် ကိုယ်ပိုင်လုပ်ငန်းလုပ်နိုင်အောင် လိုအပ်တဲ့ အသိအမြင်ဖွင့်ပေးတဲ့ စွန့်ဦးတီထွင်မှုကို အားပေးတဲ့သင်တန်းတွေလိုမျိုးပေးသင့်ပါတယ်။ ပညာအရည်အချင်းရှိတဲ့သူတွေအတွက်လည်း ပြည်နယ်ဖွံ့ဖြိုးရေးနဲ့ ဒေသခံလူငယ်တွေ နိုင်ငံခြားပညာတော်သင်စေလွှတ်နိုင်ဖို့လည်း လိုအပ်ပါမယ်။ ပြီးတော့ ချင်းပြည်နယ်ရဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ချေးငွေထုတ်ချေးပေးတဲ့အပြင် နည်းပညာပိုင်းကိုလည်း ကူညီသင်ကြားပေးသင့်ပါတယ်”ဟု စိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

ချင်းပြည်နယ်တွင် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID)၊ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေစီမံကိန်း (LIFT) တို့၏ အကူအညီဖြင့် ချင်းပြည်နယ်အတွင်း အသေးစားချေးငွေလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားသောရိုးရာလုပ်ငန်းများ တိုးတက်ရေးအတွက် နိုင်ငံတကာအဆင့်မီ Packing ဒီဇိုင်းမှအစ အဆင့်မြှင့်တင်ပေးမည့်အပြင် စက်မှုဇုန်တည်ထောင်ရာတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများပါဝင်လာမည်ဖြစ်ရာ အသိပညာပေးကျောင်းများအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဇိုဟေဆာ)**

**ငြိမ်းချမ်းချစ်ကြည်၊ တွဲလက်ညီ ပြည်ထောင်စုသား သွေးချင်းများ။**

# ဗာစတီးနေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ပြင်သစ်ရဲတပ်ဖွဲ့ဝင် ၁၁၀၀၀ ဖြန့်ကြက်ချထားမည်



**ပါရီ ဇူလိုင် ၁၂**

ဇူလိုင် ၁၄ ရက်တွင် ကျရောက်မည့် ဗာစတီးနေ့ အထိမ်းအမှတ် အခမ်းအနားကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနား လုံခြုံရေးအတွက် ပါရီမြို့တော်တွင် ရဲတပ်ဖွဲ့ဝင်ဦးရေ ၁၁၀၀၀ ခန့်ကို ဖြန့်ကြက်မည်ဟု ပြင်သစ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြို့တော်ပါရီနှင့် အနီးဝန်းကျင်ဒေသများတွင် ပြင်သစ်ရဲတပ်ဖွဲ့နှင့် စစ်ရဲတပ်ဖွဲ့ဝင် ၁၁၀၀၀ ခန့်ကို ပြင်သစ်နိုင်ငံ၏ အမျိုးသားနေ့ အကြိုနေ့တွင် ဖြန့်ကြက်ထားမည်ဖြစ်ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ အလို့ငှာ မီးသတ်တပ်ဖွဲ့ဝင် အင်အား ၂၀၀၀ ခန့်ကိုလည်း ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗာစတီးနေ့ နှစ်ပတ်လည် စစ်ရေးပြအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် တက်ရောက်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဗာစတီးနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ သမ္မတ ဒေါ်နယ်လ်ထရန့်ပါဝင် တက်ရောက်ခြင်းသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် စိန်ခေါ်မှုအခြေအနေတစ်ရပ်ကို ထင်ဟပ်စေကြောင်း ပါရီမြို့တော်ရဲတပ်ဖွဲ့ အကြီးအကဲ မစ်ချဲလ်ဒဲလ်ဖစ်က ဒေသတွင်း မီဒီယာများသို့ ပြောကြားသည်။ အမေရိကန်သမ္မတအား အကာအကွယ်ပေးနိုင်ရေးအတွက် ပြင်သစ်နှင့် အမေရိကန် လုံခြုံရေးတပ်ဖွဲ့များက ပူးပေါင်းလုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**-- ချထားမည် --**

အခမ်းအနား ကျင်းပရာသို့ ဝင်ရောက်နိုင်သည့် အီလစ်ဆေးလမ်းတွင် မော်တော်ယာဉ်အား အသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်မှုများ မပြုလုပ်နိုင်ရေးအတွက် အရံအတားများ ချထားကာကွယ်သွားမည်ဟု ပါရီမြို့ ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

၂၀၁၆ ခုနှစ်တွင် ကျရောက်ခဲ့သည့် ဗာစတီးနေ့ အထိမ်းအမှတ် အခမ်းအနားကို နိစ်မြို့၌ ကျင်းပခဲ့စဉ်က ပွဲတော်လာလူအုပ်စုကြီးအတွင်းသို့ ကုန်တင်မော်တော်ယာဉ်ကြီးတစ်စီးက နှစ်ကီလိုမီတာ အကွာအဝေးအထိ မောင်းဝင်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ယင်းသို့ ကုန်တင်ယာဉ် မောင်းနှင်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကလေးငယ် ၁၀ ဦး အပါအဝင် လူ ၈၄ ဦးသေဆုံးရပြီး လူ ၃၀၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လွန်ခဲ့သည့်နှစ်များအတွင်းက ပြင်သစ်နိုင်ငံတွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ။**

# အမေရိကန် ဒုံးခွင်းဒုံးစနစ် စမ်းသပ်မှုအောင်မြင်



**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်ပြည်ထောင်စုက တည်ဆောက်သည့် ဒုံးလက်နက်ကာကွယ်ရေးစနစ် (ဒုံးခွင်းဒုံး) စမ်းသပ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပဲ့ထိန်းဒုံး တိုက်ဖျက်ရေးစနစ် (THAAD) (ခေါ်) ဒုံးခွင်းဒုံးစမ်းသပ်မှုကို ဇူလိုင် ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း၊ စမ်းသပ်မှုအတွင်း THAAD လက်နက်စနစ်သည် လေကြောင်းမှ ပစ်ခတ်လိုက်သော တာလတ်ပစ် ပဲ့ထိန်းဒုံးပစ်မှတ်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အမေရိကန် ဒုံးလက်နက် ကာကွယ်ရေးအေဂျင်စီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

စမ်းသပ်မှုတွင် အသုံးပြုသော သဏ္ဍာန်တူ ပြုလုပ်ထားသည့် တာလတ်ပစ်ပဲ့ထိန်းဒုံးသည် မြောက်ကိုရီးယားကဲ့သို့သော နိုင်ငံများက သုတေသနပြု ထုတ်လုပ်နေသော ဒုံးများနှင့် တူညီသည်ဆို၏။ THAAD ကြားဖြတ်ဟန့်တားရေးဒုံးသည် တာလတ်ပဲ့ထိန်းဒုံးကျည် (IRBM) ပုံစံတူပစ်မှတ်ကို အလာစကာပြည်နယ်အတွင်း အောင်မြင်စွာ ပစ်ခတ်နိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အလာစကာပြည်နယ် ကိုဒိုက်မြို့ရှိ ပစိဖိတ်အာကာသစခန်းမှ ပစ်လွှတ်လိုက်သော IRBM ပစ်မှတ်ကို THAAD ဒုံးခွင်းဒုံးက ထိထိမိမိ ပစ်ချနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဂျာမနီမြောက်ပိုင်း၌ ရွက်လှေတစ်စင်းပေါက်ကွဲ ၁၃ ဦးထက်မနည်း ဒဏ်ရာရ



**ဘာလင် ဇူလိုင် ၁၂**

ဂျာမနီနိုင်ငံမြောက်ပိုင်း မင်ဒန်းပင်လယ်ဆိပ်ကမ်းမြို့တွင် ဇူလိုင် ၁၁ ရက် နှောင်းပိုင်းက ရွက်လှေတစ်စင်းပေါက်ကွဲမှုဖြစ်ပွားရာ ၁၃ ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ဂျာမန်သတင်းဌာန ဒီပီအေက ဇူလိုင် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒဏ်ရာရသူ အများစုမှာ ရွက်လှေမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပေးနေသည့်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ ဒဏ်ရာရသူများအနက် ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ တစ်ဦးမှာ အသက်အန္တရာယ်အတွက် စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

ပေါက်ကွဲမှုကြောင့် ရွက်လှေမှာ လေထဲသို့ အမြင့်မီတာပေါင်းများစွာမျှ မြောက်တက်သွားခဲ့ပြီး အနီးတွင် ရပ်တန့်ထားသည့် ကားတစ်စီးမှာလည်း လုံးဝပျက်စီးသွားခဲ့ကြောင်း၊ အနီးအပါးရှိ လှေနှစ်စင်းမှာလည်းပျက်စီးခဲ့ရကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရွက်လှေ၏ဘက်ထရီပေါက်ကွဲမှုဖြစ်သည်ဟုယူဆရပြီး ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ယူရို ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၇၄၀၀၀)ခန့်ရှိသည်ဟု ခန့်မှန်းရကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**ဆင်ဟွာ။**

# ဂျီဘူတီ၌ ပီအယ်လ်အေ အခြေစိုက်စခန်းတည်ရှိမှု နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများ ကျေပွန်ရေးထောက်ကူ

**ပေကျင်း ဇူလိုင် ၁၂**

အာဖရိကဦးချိုဒေသရှိ ဂျီဘူတီသမ္မတနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် ပူးတွဲ ဆုံးဖြတ်ချက်အရ ဂျီဘူတီဆိပ်ကမ်းမြို့တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏ ထောက်ပံ့ရေးအခြေစိုက် စခန်းတည်ထောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများ ကျေပွန်ရေးအတွက် အထောက်အကူပြုစေရန် စစ်စခန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က ဇူလိုင် ၁၂ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်းရွှေ့ယန်းက နေ့စဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းသို့ မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

**-- ကမ်းလှမ်းခဲ့ --**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ တရုတ်နိုင်ငံက ဆိုမာလီနိုင်ငံ ကမ်းလွန်နှင့် အေဒင်ပင်လယ်ကွေ့ ရေပြင်တို့၌ ကုန်သွယ်ရေကြောင်း ရေယာဉ်များ၏ လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်ပေးမှုကို ၂၀၀၈ ခုနှစ်ကတည်းက စ၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ လုံခြုံရေးအစောင့်အဖြစ် လိုက်ပါဆောင်ရွက်ရာတွင် တရုတ်ရေတပ်သင်္ဘောများအတွက် လောင်စာနှင့် စားနပ်ရိက္ခာ ပြန်လည်ဖြည့်တင်းရေးအတွက် အခက်အခဲကြုံတွေ့ရကြောင်း၊ ယင်းအတွက် ဂျီဘူတီက အထွေထွေလိုအပ်ချက်များအား ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် ထောက်ပံ့ရေးစခန်းတည်ဆောက်မှုကို ကမ်းလှမ်းခဲ့ကြောင်း ပြောကြားသည်။

ဂျီဘူတီရှိ ထောက်ပံ့ရေးစခန်းသည် အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီကမ်းလွန်တွင် အစောင့်တာဝန် ထမ်းဆောင်နေသည့် တရုတ်ရေတပ်ဖွဲ့အတွက် အကောင်းဆုံး အထောက်အပံ့ရရှိစေပြီး ယင်းရေကြောင်းလမ်း၌ လူသားချင်းစာနာထောက်ထားသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတကာဥပဒေဆိုင်ရာတာဝန်ဝတ္တရားနှင့်အညီ တရုတ်ရေတပ်ဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ။**

# ရတနာပုံမြို့သစ်စီမံကိန်းမြေဧရိယာ ၉၈၉၃ ဧကကို လယ်မြေ၊ ယာမြေ၊ စိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြောင်းလဲသွားရန် အစီအစဉ်မရှိ နိုင်ငံတော်အတွက် အကျိုးအရှိဆုံးဖြစ်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်

**နေပြည်တော် ဇူလိုင် ၁၂**

ရတနာပုံမြို့သစ်စီမံကိန်းမြေဧရိယာ ၉၈၉၃ ဧကကို လယ်မြေ၊ ယာမြေ၊ စိုက်ပျိုးမြေများအဖြစ် ပြန်လည်ပြောင်းလဲသွားရန် အစီအစဉ်မရှိပါကြောင်း၊ အဆိုပါမြေများကို Master Plan အရ နိုင်ငံတော်အတွက် အကျိုးအရှိဆုံးဖြစ်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်၏ **ရတနာပုံစီလီကွန်စီမံကိန်းမြေအဖြစ် သိမ်းဆည်းထားသော ဧကတစ်သောင်းအား ရည်မှန်းထားသည့် နိုင်ငံတော်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အသုံးပြုရန်မလိုသော ကျန်မြေဧကများကို ဒေသခံတောင်သူများအား စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာအဆင့်မီ IT နည်းပညာ ဗဟိုအချက်အချာတစ်ခုဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ရတနာပုံမြို့သစ်စီမံကိန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တွင် ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧကတစ်သောင်းကို ပြည်ထဲရေးဝန်ကြီးဌာနက မြေသိမ်းမိန့်(၃)စောင်ထုတ်ပြန်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပေါက်လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ ဧကတစ်သောင်းအနက် ဧရိယာ ၁၀၇ ဧကကို အကျဉ်းဦးစီးဌာန (၂၄) မိုင်ကျောက်ထုတ်စခန်းမြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သဖြင့် မြေဧရိယာ ၉၈၉၃ ဧကကျန်ရှိပါကြောင်း၊ ၎င်းဧရိယာထဲမှ ၆၆၂ ဧရိယာကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ရတနာပုံမြို့သစ်အိမ်ရာစီမံကိန်း ဆောင်ရွက်ခဲ့ပါကြောင်း။

ရတနာပုံမြို့သစ်စီမံကိန်းမြေဧရိယာ ၉၈၉၃ ဧကကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပိုင်ဆိုင်စီမံခန့်ခွဲသောမြေအဖြစ် သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ် မတ်လမှစတင်ပြီး အဆိုပြုစီမံကိန်း (Master Plan) ပုံစံကိုရေးဆွဲ၍ စီမံကိန်းကိုအဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်သွားရန် စီမံခဲ့ပါကြောင်း၊ စီမံကိန်းအဆင့်(၁)တွင် ဧရိယာဧက ၂၂၀၀ ရှိပြီး Soft Ware ရေးဆွဲထုတ်လုပ်သည့်စက်ရုံများ၊ Factory Complex စိမ်းလန်းမြေနှင့် ဝန်ဆောင်မှုဧရိယာများ၊ ICT နည်းပညာများ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးစေရန်အတွက် နည်းပညာသင်တန်းကျောင်းများပါဝင်သည့် ICT Main Complex၊ အိမ်ရာစီမံကိန်းနှင့် ဝန်ထမ်းအိမ်ရာများ၊ နေ့ကလေးထိန်းကျောင်း၊ အားကစားကွင်းနှင့် စားသောက်ဆိုင်များ၊ အများသုံးဝန်ဆောင်မှုများပါဝင်သည့် တောင်ပိုင်းအိမ်ရာစီမံကိန်း စသည့်မြေအသုံးပြုမှုများဖြင့် ဖွဲ့စည်းပါဝင်ပါကြောင်း။

စီမံကိန်းအဆင့်(၂)တွင် ဧရိယာ ၂၉၁၉ ဧကရှိပြီး အဆိုပြုပုံစံတွင် လူနေဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဝန်ဆောင်မှုဇုန်၊ စီးပွားရေးဇုန်၊ အသေးစားအလတ်စားစက်မှုလက်မှုဇုန်၊ စက်မှုဇုန်နှင့် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဇုန်တို့ပါဝင်ပါကြောင်း၊ စီမံကိန်းအဆင့်(၃)တွင် ဧရိယာ ၄၇၇၄ ဧကရှိပြီး တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးသင့်အိမ်ရာ၊ တန်ဖိုးမြင့်အိမ်ရာ၊ ဟိုတယ်ဇုန်၊ နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ သီးနှံစိုက်ပျိုးရေးဇုန်၊ ဝန်ဆောင်မှုဇုန်၊ အုပ်ချုပ်မှုဇုန်၊ ဌာနဆိုင်ရာရုံးများနှင့် ဂေါက်ကွင်းဧရိယာတို့ ပါဝင်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်လင်း



မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း

စီမံကိန်းကိုဆောင်ရွက်မည်ဆိုပါက မြို့ပြဖွံ့ဖြိုးမှုပုံစံ Urban Development လုပ်နိုင်သောနေရာနှင့် မလုပ်နိုင်သောနေရာများကို ပြန်လည်ဆန်းစစ်ရမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသ၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းဧရိယာဧက များပြားသည့်အတွက် တစ်ပြိုင်နက်ဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါရရှိသူများထံမှ လုပ်ငန်းတန်ဖိုး၏ ၅ ရာခိုင်နှုန်း ဖြတ်တောက် ကောက်ခံရရှိငွေအပေါ် လုပ်ငန်းတစ်ခုချင်းအလိုက် သိလိုခြင်း၊ ရရှိငွေများကို အရည်အသွေး(QC) စစ်ဆေးရာတွင် မည်သို့သုံးစွဲခဲ့ပြီး လက်ကျန်ငွေမည်မျှရှိသည်ကို သိလိုခြင်းနှင့် ဤကဲ့သို့ကောက်ခံခြင်းသည် ဥပဒေနှင့် ညီ၊ မညီသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကွင်းဆင်းစစ်ဆေးစဉ်ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်၊ လစာနှင့်စစ်ဆေးရေးကိရိယာများဝယ်ယူရေးအတွက် ဒေသန္တရ ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေပါ လုပ်ငန်းများထဲမှ ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ဖြတ်တောက်ကောက်ခံသုံးစွဲလျက်ရှိကြောင်း။

ရန်ပုံငွေများကို ဖြတ်တောက်ကောက်ခံသုံးစွဲရာတွင် ကျွမ်းကျင်သည့်ငွေစာရင်းတာဝန်ခံများခန့်အပ်၍ စာရင်းစစ်ဆေးခံနိုင်သည်အထိ စီမံဆောင်ရွက်ထားပြီး ဆောင်ရွက်မှုအခြေအနေကို ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုပြီး သုံးစွဲပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီများဆောင်ရွက်သည့်လုပ်ငန်းများမှ ငွေကျပ် ၁၃၈၄ ဒသမ ၆၇ သန်း ဖြတ်တောက်ကောက်ခံရရှိထားပြီး ၂၀၁၇ ခုနှစ် မတ်လအထိ ငွေကျပ် ၄၂၈ ဒသမ ၇၃ သန်း သုံးစွဲခဲ့သဖြင့် ငွေကျပ် ၉၅၅ ဒသမ ၉၄ သန်း စာရင်းပိတ်လက်ကျန်ငွေအဖြစ် ဘဏ်တွင်ကျန်ရှိပါကြောင်း။

နိုင်ငံတော်ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ် အပိုဒ်(၃၆)တွင် (Quality Control) အရည်အသွေး စစ်ဆေးခြင်းများကို လိုအပ်သလိုဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းတန်ဖိုးအလိုက် (ကျပ်သန်း ၁၀၀၀ အောက် ၈ ရာခိုင်နှုန်း) (ကျပ်သန်း ၁၀၀၀ မှ ၂၀၀၀ အထိ ၇ ရာခိုင်နှုန်း) (ကျပ်သန်း ၂၀၀၀ အထက် ၆ ရာခိုင်နှုန်း)သုံးစွဲနိုင်ကြောင်း ထည့်သွင်းဖော်ပြထားသဖြင့် အဆိုပါလမ်းညွှန်ချက်နှင့်အညီ စနစ်တကျဖွဲ့စည်းစစ်ဆေးသုံးစွဲဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်းနှင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တို့၏ **စစ်ဘေးရှောင်ပြည်သူများ၏ လူသားဘဝလုံခြုံရေးအတွက် မည်သည့်မူဝါဒဖြင့် ဆောင်ရွက်နေသည်ကို သိလိုကြောင်း၊ လမ်း၊ တံတားလုပ်ငန်းများ လျာထားရာတွင် မည်သည့်မူဝါဒဖြင့် ရန်ပုံငွေခွဲဝေလျာထားသည်ကိုသိလိုကြောင်း၊ စစ်ကိုင်း-မုံရွာကားလမ်းပေါ်ရှိ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၏ လမ်း/တံတားအသုံးပြုခ ကောက်ခံရေးဂိတ်အား ဖျက်သိမ်းပေးရန် ရှိ မရှိ သိလိုကြောင်း၊ လမ်းအသုံးပြုခနှုန်းထားများနှင့် ထိုက်တန်မှုမရှိဖြစ်နေခြင်းကို မည်ကဲ့သို့စိစစ်ကြပ်မတ်မည်ကို သိရှိလိုကြောင်း** မေးခွန်းများကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူနှင့် မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောတို့ဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း" လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးတွင် ကွန်ကရစ်တံတား ၁၄ စင်း၊ ရေကျော် ၃၁ စင်းနှင့် ရေပြွန် ၃၄ စင်း လျာထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီးအတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၆၆၇ သန်းကျော်ဖြင့် ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ရှစ်မိုင်၊ ဂဝံ/မြေနီလမ်း သုံးမိုင်၊ ကွန်ကရစ်တံတား ၁၄ စင်း၊ ရေကျော် ၃၁ စင်းနှင့် ရေပြွန် ၃၄ စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အနောက်မြောက်ဘက် စေတုတ္တရာမြို့နယ်၊ ဆောမြို့နယ်စပ်ကျေးရွာများဖြစ်သည့် ကျေးရွာငါးရွာ၊ အိမ်ထောင်စု ၅၆၃ စု၊ လူဦးရေ ၂၆၄၉ ဦးတို့ သွားလာအသုံးပြုသော ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက်လမ်းမှာ အရှည် ၁၁ မိုင်ရှိပြီး စေတုတ္တရာမြို့နှင့် ဆောမြို့နယ်အစပ်၌ တည်ရှိ၍ ကျေးရွာငါးရွာ၊ အိမ်ခြေ ၅၆၃ အိမ်ရှိ လူဦးရေ ၂၆၄၉ ဦးတို့အား အကျိုးပြုပါကြောင်း၊ လမ်း၏ လက်ရှိအခြေအနေမှာ လှည်းလမ်းအဆင့်သာဖြစ်ပြီး အဆိုပါလမ်းအား မြေသားလမ်းဆောင်ရွက်ပါက ငွေကျပ် ၃၈၀ ဒသမ ၅၈၉ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

စလင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈ ဒသမ ၅ သန်းဖြင့် ကွန်ကရစ်တံတားလေးစင်း၊ ရေကျော်နှစ်စင်းတို့အား ဆောင်ရွက်ရန်လျာထားလျက်ရှိပါကြောင်း၊ စလင်းမြို့နယ်အတွင်းရှိ ငလှိုင်တွင်း-ကင်ပွန်းခြုံ-ကျွဲဦး-ကျောက်တန်း ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပါဝင်ခြင်းမရှိသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ လိုအပ်သည့် ငွေကျပ် ၄၅ သန်းအား ရန်ပုံငွေရှာဖွေ ဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငမန်းရဲကျွန်းရှိ ကျေးရွာများမှ မြေပုံမြို့သို့သွားသည့်လမ်းကို မြေသားလမ်းမှ ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးလှကျော်က ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငမန်းရဲကျွန်းကျေးရွာချင်းဆက်လမ်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၄ သန်းဖြင့် မြေသားလမ်း (၃/၇)မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၃သန်းဖြင့် မြေသားလမ်း (၃/၇) မိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ သန်းဖြင့် မြေသားလမ်း (၁/၅)မိုင် စုစုပေါင်း မြေသားလမ်းအရှည် (၉/၃)မိုင်အား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

အဆိုပါ ငမန်းရဲကျွန်းပေါ်ရှိ မြေသားလမ်းသည် ရေပတ်လည်ဝန်းရံတည်ရှိပြီး ရေလှိုင်းပုတ်ခတ်မှုဒဏ်အား အမြဲတမ်းခံနေရသောကြောင့် ကျောက်စီနံရံနှစ်ဖက် (၃/၀) မိုင်စီအား ဆောင်ရွက်မည်ဆိုပါက လမ်းရေရှည်တည်တံ့ခိုင်ခံ့မည်ဖြစ်ပါကြောင်း၊ ငမန်းရဲကျွန်းကျေးရွာသွားလမ်း၏ ကျန်ရှိနေသော မြေသားလမ်း (၈/၇)မိုင်အား ကျောက်ချောလမ်းပြုလုပ်မည်ဆိုပါက ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂၀၀၀ ကျော်နှင့် ကျောက်စီနံရံနှစ်ဖက် (၃/၀)မိုင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၉၀၀ ကျော် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၁ သန်းကျော် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၁၄၂၀၊ လူဦးရေ ၆၇၃၉ ဦးတို့အား အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း။

မြေပုံမြို့နယ် ငမန်းရဲကျွန်း ကျေးရွာချင်းဆက်လမ်း၏ ကျောက်ချောလမ်း (၀/၄)မိုင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ သန်းကျော်ဖြင့် ဆောင်ရွက်ရန်လျာထားပြီး တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးလှကျော်



ရခိုင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဒေါ်ထုမေ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

## နှစ် (၇၀) ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# လွမ်းဆွတ် တမ်းတ. . . မေ့မရ



သပြေ

**"အသင်ကွယ်ပြီ၊ ကာလရှည်လည်း
ပြည်သူအပေါင်း၊ သင့်အကြောင်းကို
ပြန်ပြောင်းပြောဆို၊ ချစ်ကြည်ညိုလျက်
သင့်ကိုလွမ်းရ တသသနှင့် - - - --"**

ဆရာမင်းယုဝေ၏ **"ဗိုလ်ချုပ်အောင်ဆန်းသို့"** အမည်ရကဗျာမှ စာစုအချို့ကို ဝမ်းနည်းကြေကွဲစွာ ရွတ်ဆိုနေမိသည်။

**"သေသောသူ ကြာရင်မေ့"**ဆိုရိုးရှိသော်လည်း မမေ့နိုင်သူ၊ မမေ့ထိုက်သူတို့ကိုမူ ပြန်ပြောင်းတမ်းတ တသသနှင့် မေ့၍ရနိုင်မည်မဟုတ်ပါ။ လူပင်သေသော်လည်း နာမည်မသေသူ၊ သမိုင်းတွင် မေ့ပျောက်၍မရနိုင်သူ လူပုဂ္ဂိုလ်ထူးမှာ မြန်မာတို့၏ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး **"ဗိုလ်ချုပ်အောင်ဆန်း"**ပင် ဖြစ်ပါသည်။

ကလေးအရွယ်မှစ၍ ရိုးသားဖြောင့်မတ်ပြီး လိမ်မပြောတတ်သည့် မောင်ထိန်လင်း(ခေါ်) မောင်အောင်ဆန်း၊ လူငယ်လူရွယ် တက္ကသိုလ်ကျောင်းသားဘဝမှစ၍ နိုင်ငံ့လွတ်လပ်ရေးအတွက် ဘဝကိုစုံနှစ်၍ ကြိုးစားခဲ့သော တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၊ နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ချိန်မှစ၍ သခင်အောင်ဆန်းဘဝမှသည် စစ်သေနာပတိဗိုလ်ချုပ်အောင်ဆန်း၊ သူသည် အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာစသည့် ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် ပြည်သူလူထု၏ ချစ်ခင်လေးစားမှုနှင့် ယုံကြည်အားကိုးမှုတို့ကို ရရှိခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားကြိုးစားမှု၊ ဖြူစင်ဖြောင့်မတ်မှု၊ တည်ကြည်ရဲရင့်မှု၊ သည်းခံခွင့်လွှတ်တတ်မှု၊ အလိုလောဘနည်းပြီး ခြိုးခြံချွေတာတတ်မှု၊ ဂုဏ်ပကာသန မက်မောခြင်းမရှိသကဲ့သို့ အခွင့်အရေးမယူတတ်မှု၊ အမှန်တရားကိုမြတ်နိုးပြီး တိကျပြတ်သားစွာဖြင့် တဲ့တိုးပြောဆိုတတ်မှု၊ မဟုတ်မခံ တုံ့ပြန်ပြောဆိုတတ်မှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြင်းပြမှု၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုလုပ်ဆောင်တတ်မှုစသည့် အခြေခံကောင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်စဉ်နှင့် လုပ်ဆောင်မှုများကြောင့်သာ ပြည်သူလူထုက ယနေ့တိုင် မမေ့နိုင်ကြဘဲ လွမ်းဆွတ်တမ်းတနေကြခြင်းဖြစ်ပါသည်။

ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ဆယ်တန်းကို မြန်မာစာနှင့် ပါဠိ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသက် (၁၇)နှစ်အရွယ် လူငယ်ကျောင်းသား ကိုအောင်ဆန်းသည် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ကျောင်းတက်ရန် ရောက်ရှိခဲ့သည်။ ယင်းလူငယ်သည် မြန်မာပြည်သူတစ်ရပ်လုံးကို ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန် အသက်စွန့်၍ ကြိုးပမ်းခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းနေစဉ်ကလည်း အခြားသူများကဲ့သို့ သံသေတ္တာမသုံးနိုင်ခဲ့ဘဲ ထင်းရှူးသေတ္တာကိုသာ အသုံးပြုခဲ့ရသည်။ ထိုထင်းရှူးသေတ္တာကို ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်ရှိ ဗိုလ်ချုပ်နေခဲ့သောအခန်းတွင် ယနေ့တိုင် တွေ့မြင်ရသည်။

စာပေကို ချစ်မြတ်နိုးတတ်သော လူငယ်ကျောင်းသား ကိုအောင်ဆန်း ကိုယ်တိုင်ရေးသားခဲ့သည့် **"နတ်မောက်မြို့လေးအကြောင်း"**စာစုကိုလည်း ယခုကဲ့သို့ ကောက်နုတ်ဖော်ပြလိုပါသည်-

**"မြေလတ်ဟုခေါ်သော ဗမာပြည်၏ အပူပိုင်းဇုန်ဖြစ်သော မကွေးစီရင်စု ယခု ရေနံချောင်းခရိုင်အတွင်း ပျဉ်းမနား၊ ကျောက်ပန်းတောင်းရထားလမ်း တစ်ဝက်ခန့်တွင် အပူပိုင်းဇုန် ကုန်များဖြစ်သော နှမ်း၊ ပဲနှင့် နှမ်းဆီများထွက်ရှိရာ ကုန်ရောင်း၊ ကုန်ဝယ် အတော်တွင်ကျယ်သော ရွာကလေးတစ်ရွာရှိသည်။**

**မီးရထားဘူတာရုံအနီးနားတွင် မီးရထားဘက်မှ ဆောက်ထားသော အိမ်တန်းလျားများနှင့် ပွဲစားကုန်သည်ဆိုင်များ အနည်းငယ်ရှိလေသည်။ ဘူတာ၏ ဝဲ၊ ယာပတ်လည်တွင် မြေပဲ၊ နှမ်းခင်းတို့ ရှိလေသည်။ ထိုဘူတာ၏ အနောက်မြောက်ယွန်း ကိုက်လေးရာခန့်အကွာတွင်ကား မိုင်ဝက်ခန့်ကျယ်သော သဲချောင်းရိုးကမ်းစပ်ပေါ်၌ ခပေါင်းကုန်း သို့မဟုတ် နကျားထူးဟုခေါ်သော အိမ်ခြေတစ်ရာခန့်ရှိသော ရွာကလေးရှိလေသည်။**

**"ယင်းချောင်း"ဟုခေါ်သော သဲချောင်းကြီး၏ တစ်ဖက်ကမ်း(အနောက်ဘက်ကမ်း)၌ကား ယာခင်း၊ လယ်ကွင်းများဖြင့် ဥယျာဉ်အချို့ကို တွေ့ရပေသည်။ ထိုမှလွန်လျှင် တောင်ကုန်းကျကျနေရာတွင် အရှေ့ဘက်မှ တာမြောင်းခံထားသော အိမ်ခြေနှစ်ရာခန့် ရွာရှိလေသည်။ ထိုမှမြောက် မလှမ်းမကမ်းတွင်ကား အိမ်ခြေတစ်ရာကျော်ရှိ ရွာရှိပြန်သည်။ များစွာသော ထိုရွာများအနက် ရွာမကြီးသဖွယ် အိမ်ကောင်းအများဆုံးနှင့် ဆိုင်ကနားအတော်အတန်ရှိ၍ စာရေး၊ စာချီ၊ မြို့အုပ်၊ ရှေ့နေ၊ ကုန်သည်များနေကြသောရွာကား ဆိုခဲ့ပြီးသည့် သဲချောင်းကြီးအနောက်ဘက်ကမ်း တောင်ကုန်းပေါ်တွင် တည်လျက်ရှိသောရွာပင်ဖြစ်လေသည်။ ထိုရွာကို 'နတ်မောက်'ဟူ၍လည်းကောင်း၊ တောင်ရွာဟူ၍လည်းကောင်း ခေါ်ကြလေ၏။**

**မွေးဖွားစဉ်က ကျွန်တော် မထူးဆန်းလှသော်လည်း ထိုင်နိုင်၊ ထနိုင်သောကလေးဘဝမှစ၍ ကျွန်တော်သည် ထူးခြားလှခဲ့သည်ဟုဆို၏။**

**ခွကျသူ ကလေးငယ်တစ်ယောက်ဖြစ်ခဲ့၏။ ကျွန်တော်ငယ်စဉ်က တော်တော်နှင့်စကားမပြောတတ်ရကား လူကြီးမိဘများက ဆွံ့အ၍ပင်နေသလားဟု စိုးရိမ်ကြောင့်ကြခဲ့ရ၏။ အနာအဖျားထူသည်၊ အစားကြူးသည်၊ အမဲသားငါးကိုအလွန်ကြိုက်သည်။ ကျွန်တော့်မိခင်ဈေးဝယ်သွားရာ ရံဖန်ရံခါ ကျွန်တော့်ကိုချီ၍သွား၏။ တစ်ခါသော် အမဲသားအစိမ်းကို ကျွန်တော်အတင်းလု၍ စားမည်ပြုသည်ဟု မိခင်ပြန်ပြောပြသဖြင့် သိရ၏။ လူရိုင်းဘဝက ကျွန်တော်လာသလားမသိ။ ယနေ့အထိ လူရိုင်းသဘောမျိုး နေချင်သည့်စိတ်ထားများရှိ၏။**

**ဟန်ဆောင်ပန်ဆောင် လူယဉ်ကျေးများနှင့် ကျွန်တော်အသားမကျ။ မျက်စိနောက် မြင်ပြင်းကပ်သည်။ ထိုအခါ လူယဉ်ကျေးများနှင့် ငါလူရိုင်းဟု ဇာတိခွဲပစ်ချင်သည့်စိတ်ရှိလာ၏။ လူရိုင်းကားကြမ်း၏၊ ခက်ထန်၏။ သို့သော် ဖြူးဖြောင့်၏၊ တည်ကြည်၏၊ လွတ်လပ်၏၊ ကျန်းမာ၏၊ ငါ့မြင်းငါစိုင်း၊ ညောင်ကိုင်းရောက်ရောက်ဆိုသည်ကို ကျွန်တော်ကြိုက်၏။ ကျွန်တော်၏ စိတ်ဘဝင်တွင် အင်မတန် စိုပြည်လတ်ဆတ်သော ဘဝဟုယူဆ၏။**

**ဗမာပြည်ရှိလူသည် လူရိုင်းဘဝမျိုးရောက်နေပါစေ လွတ်လပ်ချမ်းသာစွာ "ခေါင်းထောင်"နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာကြိုက်သည်၊ နှစ်သက်သည်။**

**စိမ်းလန်းစိုပြည် ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပမ်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ် အော်ဟစ်မြူးထူးနေလိုသည်**"ဟူ၍ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်စတင်ပြီး မကြာမီ မြန်မာနိုင်ငံတွင် **'ဟုမ်ရူး'**ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရယူလိုမှုနှင့် လုံးဝလွတ်လပ်ရေးရယူလိုမှု အယူအဆများ အားပြိုင်နေခဲ့သည်။ ထိုစဉ်က အသက် (၂၄)နှစ်အရွယ်သာရှိသေးသည့် တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းက လွတ်လပ်ရေးအတွက် **'အင်္ဂလိပ်အခက်၊ ဗမာ့အချက်'** ဆိုကာ ဗမာ့ထွက်ရပ်ဂိုဏ်းကိုဖွဲ့စည်းပြီး လုပ်ငန်းစဉ်များကို အံ့သြဖွယ် တစ်ထိုင်တည်း ရေးဆွဲချမှတ်နိုင်ခဲ့သည်။



လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်ရောက်ခဲ့စဉ်။

> ❝ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခြင်းကို တစ်မျိုးသားလုံးက ပူဆွေးကြသည်၊ ငိုကြွေးကြသည်၊ ဗိုလ်ချုပ်ကျဆုံးခြင်းသည် မြန်မာပြည်အတွက်သာမဟုတ်၊ ကမ္ဘာအတွက်လည်း ဆုံးရှုံးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ လောကကောင်းကျိုးသယ်ပိုးရွက်ဆောင်သူ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ကောင်းသတင်းဂုဏ်တို့မှာ ထုံမွှမ်းလျက်ရှိနေဆဲဖြစ်သည်၊ တင့်တယ်နေဆဲလည်းဖြစ်သည်၊ ပြီးပြည့်စုံလွန်းလှသည်။ ကမ္ဘာမြေတည်နေသရွေ့ နာမည်မသေသည့် ဗိုလ်ချုပ်ဖြစ်နေပေသည်။ ❞

ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်လွတ်လပ်ရေးရလျှင် ဒီမိုကရေစီစနစ်မှာ နိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံအဖြစ်သာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၇ ရက်က ကျင်းပခဲ့သော ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် ယခုကဲ့သို့ ပြောကြားခဲ့သည်-

**"ဗမာပြည် လွတ်လပ်ရေးရတဲ့အခါ တိုင်းပြည်သူပြည်သားတွေသာလျှင် အဓိကလိုလားပြီး တိုင်းပြည်တည်ထောင်ချင်တယ်ဆိုရင် ဒီမိုကရေစီစနစ်အရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီအရင်းခံပဲ။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒဆိုတာတွေဟာ စင်စစ်တော့ ဒီကနေဖြာထွက်သွားတာပဲ။ ဘယ်ဟာမှ ဒီမိုကရေစီမစစ်သေးဘူး။ နိုင်ငံရေးတွင်မက စီးပွားရေးပါပါမှ ဒီမိုကရေစီစစ်နိုင်မယ်လို့ ဒီမိုကရေစီ သဘောတရားတွေကို လိုက်ရှာပြီး လုပ်နေကြခြင်းသာဖြစ်တယ်"**

**"လူတွေကတင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ်မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်**"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများပါမကျန် လုံးဝလွတ်လပ်ရေးရရှိစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစီးပေးဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် ပင်လုံစော်ဘွားများနှင့် ထမင်းစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းက**"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်"** ဟူ၍ မိန့်မှာခဲ့သည်။ ထို့နောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် သမိုင်းတွင်မည့် သမိုင်းဝင်**"ပင်လုံစာချုပ်"** ကို ပင်လုံညီလာခံဖြင့် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ဘိလပ်သို့မသွားမီ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ တွင် ရေဒီယိုမှတစ်ဆင့် အသံလွှင့်ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းမှ ပြောကြားချက်အချို့ကို ကောက်နုတ်တင်ပြလိုပါသည်-

**"ဆင်ပြောင်ကြီး အမြီးကျမှ တစ်လစ်မဖြစ်အောင် ကြိုးစားဖို့လိုတယ်၊ သတိထားဖို့လိုတယ်၊ တိုင်းသူပြည်သား လူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်၊ မလိုတဲ့လူတွေ ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်"** ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြ၊ ဦးတင်ထွတ်၊ ဦးစောတို့ အင်္ဂလန်သို့သွားရောက်ပြီး လွတ်လပ်ရေးအကြိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ၌ **"တစ်နှစ်အတွင်း လွပ်လပ်ရေးရရမည်"** ဟု ကြွေးကြော်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် မြို့တော်ခန်းမ၌ ပြုလုပ်သည့် ဂုဏ်ပြုထမင်းစားပွဲ၌ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့မှုကိုလည်း ယခုကဲ့သို့ ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**စာမျက်နှာ ၇ သို့** ❍

○ စာမျက်နှာ ၆ မှ

**"ကျွန်တော်တို့ နိုင်ငံရေးလုပ်ကြတဲ့နေရာမယ် အထူးသဖြင့် ခေါင်းဆောင်လုပ်တဲ့သူဟာ နောက်လိုက်လုပ်တဲ့လူတွေထက် ပိုပြီးအမြင်ကျယ်ရမယ်၊ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာလုပ်နေရင် ခေါင်းဆောင်မဟုတ်ဘူး၊ ခေါင်းဆောင်လုပ်တဲ့လူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်သင့်တဲ့နေရာမယ် စွန့်ရမယ်၊ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူဟာ တိုင်းသူပြည်သားကိုလည်း မယုံဘူး၊ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကို ကျွန်တော်ယုံတယ်၊ ခင်ဗျားတို့လည်း ယုံတယ်"**ဟု ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ လူထုအစည်းအဝေးကြီး တစ်ရပ်ကျင်းပပြီး မြန်မာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် ကိစ္စရပ်များကို ပြည်သူလူထုထံ တင်ပြခဲ့သည်။ ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားခဲ့သောမိန့်ခွန်းမှ မိန့်မှာချက်အချို့ကိုလည်း ယခုကဲ့သို့ ဖော်ပြလိုက်ပါသည်-

**"ခင်ဗျားတို့ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့စည်းကမ်းရှိကြပါ၊ ညီညွတ်မှုကို ထိန်းသိမ်းထားပါ၊ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ၊**

**ရှေ့ကို လွတ်လပ်ရေးအရသာ ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ကနေ့ပြောခဲ့ချင်တယ်"**ဟူ၍ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ပုဂ္ဂိုလ်များသည် လွတ်လပ်ရေးအတွက် မဆုတ်မနစ်သောဇွဲဖြင့် ကြိုးစားအားထုတ်နေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မသမာသူလူတစ်စု၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဆရာကြီးဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန်ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကိုးဦးကျဆုံးခဲ့ရသည်။ ထိုလုပ်ကြံမှုကြောင့် တစ်မျိုးသားလုံးအတွက် အာဇာနည်နေ့သည် အကျည်းတန်စွာ ဖြစ်ပေါ်လာခဲ့ရပြီး ပြည်သူအားလုံး ဝမ်းနည်းကြေကွဲကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်(၇၀)ပြည့်ပါတော့မည်။ ယနေ့အချိန်အထိ ဗိုလ်ချုပ်အောင်ဆန်းကို ဘာကြောင့် သတိရနေကြပါသနည်း။ ရှင်းပါသည်၊ ဗိုလ်ချုပ်သည် မြန်မာနိုင်ငံကို နယ်ချဲ့လက်မှ လွတ်လပ်ရေးရအောင် ကြိုးပမ်းသူများအနက် အဓိကအကျဆုံး ခေါင်းဆောင်ဖြစ်သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဗိသုကာကြီးဖြစ်သည်၊ မြန်မာ့တပ်မတော်ကို တည်ထောင်ခဲ့သော တပ်မတော်၏ဖခင်ဖြစ်သည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချပေးခဲ့သော ပင်လုံစာချုပ်ကို ဦးစီးချုပ်ဆိုခဲ့သည့် ခေါင်းဆောင်လည်းဖြစ်သည့်အပြင် ဗိုလ်ချုပ်၏ မိန့်မှာချက်နှင့်ပြောကြားချက်များသည် ယနေ့ခေတ်အထိ ရိုက်ခတ်မှန်ကန်နေဆဲဖြစ်ပါသည်။

ထို့ကြောင့်လည်း **"သူလိုလူစား ဇမ္ဗူမှာရှား"**ဆိုသကဲ့သို့ သူ့ဘဝတစ်လျှောက်လုံးတွင် ပြောသလိုလုပ်၍ လုပ်သလိုပြောသူဖြစ်ခဲ့သည်။ သူ ငယ်စဉ်ကျောင်းသားဘဝမှစ၍ ကျဆုံးသွားခဲ့သည့် အချိန်အထိ သူ့ဘဝတစ်လျှောက်လုံး၏ တစ်ခုတည်းသော ရည်မှန်းချက်မှာလည်း မြန်မာပြည် လွတ်လပ်ရေးရရှိရေးပင် ဖြစ်သည်။ သူကား အမှန်တရားနှင့်ပတ်သက်လာလျှင် ဘယ်သူကိုမျှ ဂရုမစိုက်၊ သူမှန်ကန်သည်ဟု ယုံကြည်သည့်အတိုင်း ပြောရဲ၊ ဆိုရဲ၊ လုပ်ရဲ၊ ကိုင်ရဲသူ ဖြစ်သည်။ သူတာဝန်မယူနိုင်သည်ကို ကတိပေး၍ မလုပ်၊ ကတိတစ်လုံးကိုလည်း လှည့်ပတ်ကွေ့ကောက်မပြောတတ်၊ ရင်ထဲ၊ အသည်းထဲရှိသည့်အတိုင်း ဘွင်းဘွင်းနှင့် ရှင်းရှင်းပြောတတ်သည်၊ တိုင်းပြည်အတွက်အလုပ်လုပ်ရာတွင် အဆင်းရဲခံနိုင်သည်၊ အငတ်လည်းခံနိုင်သည်၊ အလုပ်ထဲစိတ်နစ်နေပြီဆိုလျှင် အိပ်ချိန်စားချိန်ပင်မမှန်တော့၊ ဘယ်လိုအခက်အခဲ၊ ဘယ်လိုဒုက္ခမျိုးကိုမှ မညည်းညူခဲ့၊ နောက်ပြန်မဆုတ်ခဲ့ပါ။

ထို့ကြောင့်ပင် မြန်မာလူထုကြီးကသာမက ဗြိတိသျှဝန်ကြီးချုပ် အက်တလီအပါအဝင် ဝန်ကြီးများနှင့် ဗိုလ်ချုပ်ကြီးများကပါ ချီးကျူးလေးစားခြင်းကို ခံခဲ့ရသည့် ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် နေရူးကဆိုလျှင် သူခင်မင်လေးစားသည့် ဗိုလ်ချုပ်ကို စံပြုစရာ အာရှတိုက်၏ လွတ်လပ်ရေးသူရဲကောင်းအဖြစ် မျှော်မှန်းခဲ့ကြောင်း သိရသည်။



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း လူထုအား မိန့်ခွန်းပြောကြားစဉ်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခြင်းကို တစ်မျိုးသားလုံးက ပူဆွေးကြသည်၊ ငိုကြွေးကြသည်၊ ဗိုလ်ချုပ်ကျဆုံးခြင်းသည် မြန်မာပြည်အတွက်သာမဟုတ်၊ ကမ္ဘာအတွက်လည်း ဆုံးရှုံးခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

လောကကောင်းကျိုး သယ်ပိုးရွက်ဆောင်သူ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ ကောင်းသတင်းဂုဏ်တို့မှာ ထုံမွှမ်းလျက်ရှိနေဆဲဖြစ်သည်၊ တင့်တယ်နေဆဲလည်းဖြစ်သည်၊ ပြီးပြည့်စုံလွန်းလှသည်။ ကမ္ဘာမြေ တည်နေသရွေ့ နာမည်မသေသည့် ဗိုလ်ချုပ်ဖြစ်နေပေသည်။

မြန်မာ့အဘိဓာန်၌ အာဇာနည်ဆိုသည်မှာ **"အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် အသက်စွန့်ဆောင်ရွက်သူ"**ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် အာဇာနည်နေ့အခါသမယတွင် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် အသက်စွန့်ပေးဆပ်ခဲ့သော ကျေးဇူးတရားကို သတိရဆင်ခြင်၍ ဂါရဝပြုဦးညွှတ်ခြင်းနှင့်အတူ အာဇာနည်စိတ်ဓာတ်နှင့် စွမ်းဆောင်မှုတို့ကိုလည်း လေးစားအားကျ အတုယူကြရမည်ဖြစ်ပါသည်။

ဝါဆိုမိုးများက တဖွဲဖွဲရွာသွန်းနေသည်၊ တစ်မျိုးသားလုံးက လေးစားအားကျ အတုယူရသည့် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သော်လည်း **"အမျိုးသားနိုင်ငံရေးဦးသျှောင်"**အဖြစ် ထာဝရတည်ရှိနေမည်သာ ဖြစ်သည်။ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းကို တမ်းတ၍၊ လွမ်းဆွတ်၍ မဆုံးနိုင်ပါပြီ။ ။

# ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန် တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း အသိပညာမျှဝေမှုဖိုရမ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်ကို ထုတ်ပြန်ကြေညာသည့် အခမ်းအနားနှင့်ဆက်စပ်၍ "ပြည်သူ့ဝန်ထမ်းများကို လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းအသိပညာမျှဝေမှုဖိုရမ်"ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ယနေ့ဆက်လက်ကျင်းပသည်။



ဖိုရမ်၏ပထမပိုင်းအစီအစဉ်တွင် "ဖွံ့ဖြိုးဆဲနိုင်ငံများရှိအတွင်းစိတ်မှ လှုံ့ဆော်သော ထက်သန်တက်ကြွမှု သက်သေအထောက်အထားများ တည်ဆောက်ခြင်း" ခေါင်းစဉ်အောက်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ Global Center for Public Service Excellence မှ အကြီးတန်းအကြံပေး အရာရှိ ဒေါက်တာနိုက်ဂျယ်ဂိုးက "အတွင်းစိတ်မှလှုံ့ဆော်သော ထက်သန်တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာလေ့လာမှုတစ်ခု၏ အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ လီကွမ်ယုပြည်သူ့ရေးရာ မူဝါဒကျောင်းမှ ဒေါက်တာဇီကာဗန်ဒါဝါက "ပါကစ္စတန်နှင့် ကာဇက်စတန်ရှိပြည်သူ့ဝန်ထမ်းများအား ရှေ့ပြေးလေ့လာမှု- တွေ့ရှိချက်များနှင့် ရရှိသော သင်ခန်းစာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်တွင် အဖွဲ့လိုက်ဆွေးနွေးခြင်းကိုဆောင်ရွက်ရာ "သုတေသနနည်းလမ်းများ- ပညာရပ်ပိုင်းဆိုင်ရာ 'ပြည့်စုံမှု' နှင့် လက်တွေ့ဖြစ်ရပ်မှန်များ ဟန်ချက်ညီ မျှတစေမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိအတွင်းမှ လှုံ့ဆော်သော ထက်သန်တက်ကြွမှုအကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုတွင် ပါဝင်မည့် အကြောင်းအရာများ"၊ "ဆေးရှဲပြည်သူ့သမ္မတနိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ပြည်သူ့ကဏ္ဍ ပြုပြင် ပြောင်းလဲမှုအတွေ့အကြုံများ"၊ "စင်ကာပူသမ္မတနိုင်ငံ ပြည်သူ့ဝန်ထမ်းများအား အလုပ်သမားကဏ္ဍတွင် စေ့စပ်ညှိနှိုင်းခြင်း"နှင့် "မော်ဒိုဗာနိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ပြည်သူ့ကဏ္ဍ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံသင်ခန်းစာများ" စသော အကြောင်းအရာများအပေါ် အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အသိပညာမျှဝေမှုဖိုရမ် ပြီးမြောက်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ "ပြည်သူ့ဝန်ထမ်းထက်သန် တက်ကြွမှုအကြောင်း ကမ္ဘာလုံးဆိုင်ရာလေ့လာမှုအားမိတ်ဆက်ခြင်း" ကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ Global Center for Public Service Excellence မှ အကြီးတန်းအကြံပေး အရာရှိ ဒေါက်တာနိုက်ဂျယ်ဂိုးက ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ "ကမ္ဘာလုံးဆိုင်ရာလေ့လာမှုတွင် စတင်ပါဝင် ဆောင်ရွက်သော နိုင်ငံများ၏လုပ်ဆောင်မှု"ကို ဘရာဇီးနိုင်ငံမှ မစ္စတာဆာရီဂိုက ရှင်းလင်းကာ ဘူတန်နိုင်ငံ တော်ဝင်နိုင်ငံ့ဝန်ထမ်းကော်မရှင် ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၏ ဗီဒီယိုမှတ်တမ်းများကို တင်ပြပြီး ကင်ညာနိုင်ငံမှ မစ္စတာဒန်းအိုလစ်၊ မော်ဒိုဗာနိုင်ငံမှ မစ္စဆက်လီနာမစ်ကာနှင့်ဆေးရှဲနိုင်ငံမှ မစ္စဟယ်လန်မစ်ချယ်တို့ကရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းက"မြန်မာနိုင်ငံမှ ပြည်သူ့ဝန်ထမ်းများအားလုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုအား နိုင်ငံတွင်းနှင့်ဒေသတွင်းရှိ ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဦးစားပေးကိစ္စအဖြစ်သတ်မှတ်မှု" အကြောင်းကို နိဂုံးချုပ် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့၌ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံတော် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရေးနှင့် အထောက်အကူပြုစေရေးတို့အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းလုံး ပြုလုပ်သွားမည်ဖြစ်သည်။

သို့ပါ၍ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ Level-1 ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်နှင့် မန္တလေးမြို့များ၌ ကျင်းပသွားမည်ဖြစ်ရာ မြစ်ကြီးနားမြို့တော်ခန်းမ၌ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်များတွင် အသံစစ်ဆေးခြင်း၊ ဇူလိုင် ၁၅ ရက်တွင် Stage Rehearsal လုပ်ခြင်း၊ ဇူလိုင် ၁၆ ရက်တွင် Level-1 Live ယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဂျပန် JICA ODA LOAN ချေးငွေဖြင့် ဆည်ရေသောက်စနစ်အဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြောက်နဝင်းလက်ခွဲမြောင်း CL-27နှင့် ယင်းမြောင်းမှ ခွဲထွက်သည့် မြောင်းများသို့ ဒိဗိုင်းညွှန်ကြားရေးမှူး ဦးဝင်းဇော်ချစ်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၅ ရက်က လုပ်ငန်းများ လာရောက်စစ်ဆေးစဉ်။

(၄၉၇)

☆ **ကျောဖုံးမှ**

အခမ်းအနားတွင် ဒုတိယသမ္မတက မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရေနံ့သာအနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့်မြေ ၁၉၄၆ ဒသမ ၄၀ ဧကအနက် ဆေးရုံအသုံးပြုရန် အမှန်တကယ်လိုအပ်သည့် ၆၁၇ ဒသမ ၁၁ ဧက ကို အသုံးပြုပြီး ကျန် ၁၃၂၉ ဒသမ ၂၉ ဧက ကို ပြန်လည်စွန့်လွှတ်သည့်အထဲမှ စိစစ်ပြီး ဧရိယာ ၂၀၈ ဒသမ ၃၅ ဧကကို ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်၊ မြေဧရိယာ ၁၄၀ ဒသမ ၅၁ ဧကကို ၂၀၁၇ ခုနှစ် မတ်လတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ပြန်လည်လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် မြေဧရိယာအတွင်းမှ မြေဧရိယာ ၃၂ ဒသမ ၂၆ ဧကအား တောင်သူ ၃၁၈ ဦးကို ထပ်မံပေးအပ်နိုင်ခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့် နေ့ဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးအပ်ခဲ့သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်လည်လက်ခံနိုင်ရေးကြိုးပမ်းဆောင်ရွက်ပေးကြသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်ကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့် သိမ်းဆည်းခံမြေယာများကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အချို့အမှုအခင်းကိစ္စများတွင် ဥပဒေနှင့်အညီ တရားရုံးကသာ ဖြေရှင်းပေးနိုင်မည့် ကိစ္စရပ်များဖြစ်သည်ကို တွေ့ရသည့်အတွက် အချိန်ယူဖြေရှင်းရမှုမျိုးရှိနိုင်ကြောင်း။

အလွှာစုံဖြင့်ဖွဲ့စည်းထားသည့် မိမိတို့ကော်မတီအဆင့်ဆင့်အနေဖြင့် မြေပြင်ကွင်းဆင်းပြီး ကာယကံရှင်တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းများကို မှန်မှန်နှင့်မြန်မြန် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေကို စွန့်ခွာသွားသူ များလာသည့်အတွက် လယ်ယာလုပ်သားရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများကြောင့် တောင်သူများအနေဖြင့် ထုတ်လုပ်မှုစရိတ်ကို ကာမိအောင် သီးနှံဈေးနှုန်းမရသည့် အခြေအနေကို သက်သာအောင် ကုစားပေးနိုင်ရေးကိုလည်း မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်နေကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် သီးနှံပေါ်ချိန်၌ ထိုက်သင့်သည့်ဈေးနှုန်းရရှိစေရေး၊ စိုက်ပျိုးရေးစရိတ်ချေးငွေ ပိုမိုတိုးတက်ရရှိစေရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာထွက်ကုန်များအတွက် ခိုင်မာသည့်ဈေးကွက်များ ဖော်ထုတ်ပေးခြင်းဖြင့် မိမိတို့တောင်သူလယ်သမားများအနေဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပြီး လယ်ယာကိုပစ်၍ ရေခြားမြေခြားတွင် လက်လုပ်လက်စား သွားရောက်လုပ်ကိုင်ရသည့် အဖြစ်မျိုးများမှ တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမြေများရရှိရေး၊ စိုက်ပျိုးမြေများ ဖော်ထုတ်လုပ်ကိုင်ရေးသည် အဓိကကျ အရေးပါနေသည့်အတွက် တောင်သူများလက်ဝယ် စိုက်ပျိုးမြေများရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တောင်သူများအနေဖြင့်လည်း လုပ်ကိုင်ခွင့်ရရှိသည့် မြေယာများကို တန်ဖိုးထားပြီး စိုက်ပျိုးရေးလုပ်ငန်းကို သားစဉ်မြေးဆက် လုပ်ကိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူးက မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့် မြေများအား နံ့သာမြိုင်ကျေးရွာ မူလတောင်သူ ၃၁၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးတင်မြင့်နှင့် ဒေါက်တာတင်ထွဋ်တို့က မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့်မြေများကို နံ့သာမြိုင်ကျေးရွာမှ မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များကို ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် မတ္တရာမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးများသို့ ရောက်ရှိပြီး ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဇူလိုင် ၅ ရက်က အသည်းအစားထိုးကုသမှုခံယူခဲ့သည့် ဒေါ်ဝင်းမြနှင့် အသည်းလှူဒါန်းခဲ့သည့် ၎င်း၏တူမဖြစ်သူ မနီလာဝင်းတို့အား ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတအား ဆေးရုံကြီးခန်းမ၌ အသည်းခွဲစိတ်ကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးရှိန်အေးက အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်မိုးက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဌာနနှင့် ကုသဆောင်အခြေအနေ၊ အထူးကုဌာနများ ဖွဲ့စည်းထားမှု၊ ဝန်ထမ်းအင်အားနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးအနေဖြင့် အသည်းအစားထိုးကုသမှုကို ပထမဆုံး အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မုံရွာမြို့သို့ ရောက်ရှိပြီး ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုကာ ဝန်ထမ်းများ ဆောင်ရွက်ပြီးသည့် စာရွက်စာတမ်းများကို ပြည်သူများထံ ပေးအပ်ခြင်း၊ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ဒုတိယသမ္မတသည် မုံရွာမြို့ ချင်းတွင်းမြစ်ရေတက်နေမှုနှင့် ရေဘေးကာကွယ်ရေးတာ ကျောက်စီမြေထိန်းနံရံ လုပ်ငန်းဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက နှစ်အလိုက်မြစ်ရေတက်မှုအခြေအနေ၊ လက်ရှိရေတက်နေမှုနှင့် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြသည်။

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေမှာ စိုးရိမ်ရေမှတ်ထက် ၄၈ စင်တီမီတာ ကျော်လွန်နေသော်လည်း ရေဘေးကာကွယ်ရေးတာ ပြုပြင်ထားမှုကြောင့် လက်ရှိရေမျက်နှာပြင်ထက် ငါးပေကျော်အမြင့်တွင်ရှိနေကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရိပ်သာသို့ ရောက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ခရီးသွားဇုန် ခြောက်ဇုန်နှင့် ခရီးစဉ်ရေးဆွဲထားမှု အခြေအနေများကို တင်ပြကြရာ ဒုတိယသမ္မတက မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် ခရီးစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

■

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

အိန္ဒိယတပ်မတော်(ကြည်း၊ရေ၊လေ)ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက အာမက်ဒါဘတ်မြို့ရှိ တပ်မတော်လေဆိပ်မှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ပူနေးလေဆိပ်သို့ ရောက်ရှိရာ ပူနေးလေဆိပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘွဲ့လွန်ပညာသင်ကြားရေးအတွက် ရောက်ရှိနေသော သင်တန်းသားများနှင့် စစ်ဘက်ပညာသင် သင်တန်းသားများအား တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါလေဆိပ်မှ အိန္ဒိယတပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ အာမက်နာဂါးမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြရာ Armoured Corps Centre & School ကျောင်းအုပ်ကြီး Maj. Gen. Neeraj Kapur နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Armoured Corps Centre & School ရှိ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် သင်တန်းကျောင်းတွင် သင်ကြားလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် သင်တန်းကျောင်းရှိ Armament Wing၊ Automotive Wing နှင့် School of Armoured Warfare တို့အား လိုက်လံကြည့်ရှုကြပြီး သင်တန်းကျောင်း အရာရှိရိပ်သာတွင် ကျောင်းအုပ်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘက်စုံသုံးဖရီးဂိတ်စစ်ရေယာဉ် INS Satpura ၏ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အိန္ဒိယတပ်မတော် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပူနေးလေဆိပ်သို့ ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် ဗီဇာခါပတ် တနမ်မြို့ရှိ INS Dega ရေတပ်၏ လေတပ်စခန်းသို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဗီဇာခါပတ် တနမ်မြို့ရှိ အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ဌာနချုပ်မှူး Vice Admiral HCS Bisht နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရေတပ်စခန်း ဌာနချုပ်မှူး၏ ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် View Point သို့ သွားရောက်၍ ဗီဇာခါပတ် တနမ်မြို့၏ ဆိပ်ကမ်းသာယာလှပမှုများကို ကြည့်ရှုလေ့လာကြပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား DOLPHIN'S Cove အရာရှိရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘက်စုံသုံး ဖရီးဂိတ်စစ်ရေယာဉ် INS Satpura ၊ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့၏ ရေပြင်ရှင်းလင်းရေးရေယာဉ် Sindhushastra၊ တိုက်ခိုက်ရေးရေငုပ်သင်္ဘော INS Sindhudhwaj တို့အား သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Submarine Auxiliaries Department သို့ ရောက်ရှိလေ့လာကြပြီး အရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်၍ အိန္ဒိယတပ်မတော်ရေတွင် အသုံးပြုလျက်ရှိသည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနှင့် မလေးရှားအသင်း မလေးရှားနိုင်ငံ၌ ခြေစမ်းမည်

**ရန်ကုန် ဇူလိုင် ၁၂**

အာရှယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာနှင့်မလေးရှား ယူ-၂၂ အသင်းသည် မလေးရှားနိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဇူလိုင် ၁၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရှာအလမ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းနှင့် မလေးရှားယူ-၂၂ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားသော်လည်း ဆီးဂိမ်းပြိုင်ပွဲအတွက်ပါ ရည်ရွယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယင်းခြေစမ်းပွဲအတွက် ကစားသမား ၂၂ ဦး ရွေးချယ်သွားပြီး လူသစ်ကစားသမားအချို့လည်း လိုက်ပါသွားသည်။

မြန်မာယူ-၂၂ အသင်းနှင့် မလေးရှားယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်နေသော်လည်း နှစ်ဖက်ဘောလုံးအဖွဲ့ချုပ်၏ သဘောတူညီမှုအရ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။

မြန်မာယူ-၂၂အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "မြန်မာနဲ့မလေးရှားအသင်းဟာ တစ်သင်းအကြောင်းတစ်သင်း သိနေတဲ့ အသင်းတွေပါ။ ဒါကြောင့် ဆီးဂိမ်းပြိုင်ပွဲမှာ တစ်အုပ်စုတည်း ကျရောက်နေပေမယ့် ပြဿနာတော့မရှိပါဘူး။ ဒီခြေစမ်းပွဲက အသင်းအတွက် အကျိုးရှိမှာပါ" ဟု ပြောကြားခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဇူလိုင် ၁၅ ရက်မှစ၍ အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ အာရှယူ-၂၃ ခြေစစ်ပွဲအုပ်စု(F)ကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဩစတြေးလျ၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်၌ ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်မှုစီမံချက် ဩဂုတ်လတွင် ပြီးစီးမည်

**မောင်တော ဇူလိုင် ၁၂**

အာရှ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ဘီအေဂျေ-Bridge Asia Japan) က ဘူးသီးတောင်-မောင်တောအပါအဝင် ရခိုင်ပြည်နယ်တွင် ဆောက်လုပ်လျက်ရှိသော ကျောင်းပေါင်း ၁၀၀ စီမံချက်မှာ လာမည့်ဩဂုတ်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း မောင်တောအခြေစိုက် ဘီအေဂျေရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဘီအေဂျေအနေနဲ့ လက်ရှိ ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတဲ့ ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်မှုစီမံချက်ဆိုတာရှိပါတယ်။ ဒီစီမံကိန်းက ငါးနှစ်စီမံကိန်းနဲ့ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ စတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ ပြီးစီးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီစီမံကိန်းကို ရခိုင်ပြည်နယ် ၁၇ မြို့နယ်လုံးကို လွှမ်းခြုံဆောင်ရွက်တာဖြစ်ပါတယ်" ဟု မောင်တောမြို့ ဘီအေဂျေရုံးမှ စီမံကိန်းမန်နေဂျာ မစ္စတာ ကျိုဆုကီအီမာမူရက ပြောသည်။

ဘီအေဂျေအနေဖြင့် ယခုစီမံကိန်းပြီးသော်လည်း ရခိုင်ပြည်နယ်အတွင်း ကျောင်းများ ထပ်မံဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နောက်ထပ်ငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စတင်မည်ဖြစ်ကြောင်း၊ ကျောင်းပေါင်း ၈၀ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲထားပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်း ကျောင်းတွေ ဆောက်လုပ်နိုင်အောင် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက ရန်ပုံငွေပံ့ပိုးပေးတာဖြစ်ပါတယ်"ဟု မစ္စတာ အီမာမူရက ဆိုသည်။

မြန်မာနိုင်ငံတွင် ဘီအေဂျေရုံး ငါးခုဖွင့်လှစ်ထားကြောင်း၊ ရန်ကုန်ရုံးတွင်စီမံခန့်ခွဲမှု၊ စစ်တွေရုံးတွင် နီပွန်ဖောင်ဒေးရှင်း၏ ကျောင်းပေါင်း ၁၀၀ စီမံချက်၊ ဘားအံတွင် နည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားမှု၊ မကွေးတွင် ရေရရှိရေး အဝီစိတွင်းများ တူးဖော်ပေးမှုနှင့် မောင်တောတွင် ကျောင်းဆောက်လုပ်ရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**





မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို တွေ့ရစဉ်။(ဓာတ်ပုံ-ဇာဏီ)

**✻ မြန်မာ့ရိုးရာမှ**

ယခုနှစ်ပြိုင်ပွဲတွင် လူသစ်တန်းအဆင့် တံခွန်စိုက်ပထမဆုကိုစစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုနှင့် မွန်ပြည်နယ်က ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခုဖြင့် ပူးတွဲရရှိပြီး ကရင်ပြည်နယ်မှ ဒုတိယဆု၊ ကချင်ပြည်နယ်မှ တတိယဆု ရရှိသည်။ (က)အဆင့် တံခွန်စိုက်ဆုပထမကို ကရင်ပြည်နယ်က လည်းကောင်း၊ ဒုတိယဆုကို မွန်ပြည်နယ်မှ လည်းကောင်း၊ တတိယဆုကို ကချင်ပြည်နယ်ကလည်းကောင်း၊ (ဂ)အဆင့် တံခွန်စိုက်ပထမဆုကို ကရင်ပြည်နယ်မှ လည်းကောင်း၊ ဒုတိယဆုကို ကချင်ပြည်နယ်ကလည်းကောင်း၊ တတိယဆုကို မွန်ပြည်နယ်က လည်းကောင်း ရရှိပြီး (ခ)အဆင့်တံခွန်စိုက်ပထမဆုကို ကရင်ပြည်နယ်ကလည်းကောင်း၊ ဒုတိယဆုကို မန္တလေးကလည်းကောင်း၊ တတိယဆုကို ကချင်ပြည်နယ်က လည်းကောင်း အသီးသီးရရှိသည်။

ထို့အပြင် လူသစ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို (၆၃ ဒသမ ၅)ကီလိုတန်းမှ ဇော်သန်း(ကရင်)က လည်းကောင်း၊ (က)အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို (၆၀)ကီလိုတန်းမှ ချစ်ဦး(မွန်ပြည်နယ်)က လည်းကောင်း၊ (ခ)အဆင့် အကောင်းဆုံးလက်ဝှေ့သမားဆုကို (၅၇)ကီလိုတန်းမှ ထူးနေသူ(ကရင်)က လည်းကောင်း၊ (ဂ)အဆင့် (၆၇)ကီလိုတန်းမှ အကောင်းဆုံးလက်ဝှေ့သမားဆုကို လေးလွင်(မွန်)က လည်းကောင်း၊ (က)အဆင့် အမျိုးသမီး အကောင်းဆုံးလက်ဝှေ့သမားဆုကို (၄၆)ကီလိုတန်းမှ လင်းယုန်မေ(မန္တလေး)က လည်းကောင်း ရရှိကြသည်။

**(ဇာနည်မောင်)**

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့ စစ်တွေမြို့နှင့် မောင်တောမြို့သို့ ရောက်ရှိ

**စစ်တွေ ဇူလိုင် ၁၂**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ရောက်ရှိသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ကျောက်ဖြူဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့မှု၊ IDP Camp များ ပြောင်းရွှေ့နေရာချထားမှုနှင့် မောင်တော၊ ဘူးသီးတောင်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဒေသအခြေအနေ၊ ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့်ဖြစ်ပွားခဲ့သော ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ဆောင်ရွက်ထားရှိမှုအခြေအနေတို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မစ္စယန်ဟီလီနှင့်အဖွဲ့သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စစ်တွေမြို့ မြို့မိမြို့ဖအဖွဲ့ဝင် ခြောက်ဦးနှင့် တွေ့ဆုံဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် ညနေပိုင်းတွင် မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ခရိုင်တာဝန်ရှိသူများ၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံစဉ် မိုရာမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားပြီးနောက် ပျက်စီးမှုအခြေအနေများ၊ အစိုးရမှ ပျက်စီးမှုများအပေါ် ထောက်ပံ့ပေးနေမှုများ၊ အစိုးရမဟုတ်သော INGO အဖွဲ့အစည်းများ၏ ကူညီပေးနေမှုများ၊ ဒေသတွင်းသွားလာခွင့်ကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး၊ ဓာတ်ပုံ-သတ္တ**



# ပြည်ပသတင်းမီဒီယာအဖွဲ့များ မောင်တောဒေသသို့ သတင်းရယူရန် ထွက်ခွာ

**စစ်တွေ ဇူလိုင် ၁၂**

ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အရေးကိစ္စများအား သတင်းရယူနိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ထွက်ခွာသွားကြသည်။




ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သည့် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နောက်ပိုင်း နောက်ဆက်တွဲသတင်းများရယူရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများဦးဆောင်သော ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့တွင် အေအက်ဖ်ပီ၊ နစ်ကေး၊ ဗွီအိုအေ၊ ကျိုဒိုနယူးစ်၊ ဆင်ဟွာ၊ အေပီ၊ ဖရန့်တီးယား၊ စီအင်န်အေ၊ တီဗွီအဆာဟိ၊ အာအက်ဖ်အေ၊ အေဘီစီ၊ ဘီဘီစီ၊ အင်န်အိတ်ချ်ကေ၊ ရိုက်တာ၊ အမ်အိုင်တီဗွီ၊ အမ်အင်န်အေတို့မှ သတင်းမီဒီယာ ၁၉ ဦး ပါဝင်သည်။

ပြည်တွင်းပြည်ပမီဒီယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်နှင့် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ် ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူခဲ့ကြပြီး ယခုအကြိမ်သည် တတိယအကြိမ်ဖြစ်သည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး လူငယ်ညီလာခံ ရမည်းသင်းမြို့၌ သုံးရက်ကြာ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး လူငယ်အစည်းအရုံးမှ ဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ လူငယ်ကွန်ရက်များ ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး လူငယ်ညီလာခံကို ရမည်းသင်းမြို့၌ ဩဂုတ် ၁၂ ရက်မှစတင်ကာ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ကြီးမှူးရေးဆွဲလျက်ရှိသော မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒဖြစ်စဉ်ကို ပိုမိုအားကောင်းလာစေရန်နှင့် ကူညီထောက်ပံ့ပေးနိုင်ရန် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် လူငယ်ညီလာခံများမှ ပေါ်ထွက်ခဲ့သောရလဒ်များ၊ တွေ့ရှိချက်များ၊ လူငယ်များ၏ အခက်အခဲများကိုဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်ကွန်ရက်များ ပိုမိုအားကောင်းလာစေရေး ထောက်ပံ့ကူညီဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံသို့ မည်သူမဆိုတက်ရောက်နိုင်ကြောင်း ညီလာခံကျင်းပရေးအဖွဲ့ဝင် ကိုလင်းသီဟ(ခ)ညီညီထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အနတ္တလက္ခဏာသုတ်တရားတော်နှင့်မင်းသုဝဏ်၏ 'ငါ' ကဗျာနှစ်ပုဒ်

လင်းအေး

**တရားဦးဓမ္မစကြာနှင့်အနတ္တလက္ခဏာသုတ် တရားတော်**

ဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ ဘုရားအဖြစ်သို့ ရောက်ရှိတော် မူပြီးနောက် ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်(သို့မဟုတ်) ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူခဲ့လေသည်။ဓမ္မစကြာတရားတော်သည် ဘုရားပွင့်တော်မူပြီးနောက် ပထမဆုံးဟောကြားသောတရားဖြစ်သဖြင့် "တရားဦးဓမ္မစကြာ" ဟုခေါ်ကြသည်။ "ဓမ္မစကြာတရားတော်ကို ကြားနာပြီး ကြားနာရသည့်အတိုင်း ကျင့်သုံးပွားများသောကြောင့် ပဉ္စဝဂ္ဂီငါးပါးတို့တွင် ကောဏ္ဍညသည် သစ္စာလေးပါးကို ပထမဦးဆုံးကိုယ်တိုင်သိ၍ သောတာပန်ဖြစ်၏။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် ဝပ္ပသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော်နှစ်ရက်နေ့တွင် ဘဒ္ဒိယသည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် သုံးရက်နေ့တွင် မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော်လေးရက်နေ့တွင် အဿဇိသည်လည်းကောင်း အစဉ်အတိုင်း သောတာပန်ဖြစ်ကြ၏။ ဖဟိဘိက္ခုရဟန်းများလည်း ဖြစ်သွားကြ၏"

**(ဦးရွှေအောင်- ချမ်းသာကိုရှာဖွေခြင်း)**

မြတ်စွာဘုရားသည် ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် ပဉ္စဝဂ္ဂီရဟန်းတော်ငါးပါးကို အနတ္တလက္ခဏသုတ်တရားတော်ကို ဟောကြားတော်မူရာ တရားတော်ကိုနာပြီးခါစတွင် နှလုံးသွင်းရှုမြင်ပြီး ရဟန်းတော်ငါးပါးလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

**(မဟာစည်ဆရာတော်-အနတ္တလက္ခဏ သုတ်တရားတော်ကြီး)**

ဤသို့လျှင် ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်နှစ်ပုဒ်တို့သည် ပဉ္စဝဂ္ဂီငါးပါးတို့အား သောတာပန်နှင့်ရဟန္တာဖြစ်စေသော တရားတော်များဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့အဖို့ အလွန်အရေးကြီးသော တရားတော်များဖြစ်သည်ဟု ဆိုရပေမည်။ ဓမ္မစကြာဟောတော်မူသည့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟုခေါ်ဝေါ်ကြရာ အနတ္တလက္ခဏသုတ်ဟောတော်မူသည့် ဝါဆိုလပြည့်ကျော် ငါးရက်နေ့ကို အနတ္တလက္ခဏသုတ်အခါတော်နေ့ဟု သတ်မှတ်ခေါ်ဝေါ်သင့်ပေသည်။

အနတ္တ၏အဓိပ္ပာယ်မှာ န-အတ္တ၊ အတ္တမဟုတ်ဟူ၍ဖြစ်သည်။ "အတ္တ"၏ မြန်မာဝေါဟာရမှာ "ငါ"(သို့မဟုတ်)"မိမိ"ဖြစ်ရာ အနတ္တသည် "ငါမဟုတ်" ဟူသော အဓိပ္ပာယ်ထွက်သည်။ မြတ်စွာဘုရားက အနတ္တတရားတော်(သို့မဟုတ်) ငါမဟုတ်ခြင်းတရားတော်ကို ဟောတော်မူသောအခါ တစ်လောကလုံး တုန်လှုပ်သွားသည်။ ထိုသို့တုန်လှုပ်သွားကြရသည်မှာ ဘုရားမပွင့်မီ (သာသနာပအခါ)က မဇ္ဈိမဒေသ(အိန္ဒိယ) တစ်ခွင်လုံးရှိ ဒဿနဂိုဏ်းကြီးများအားလုံးသည် အတ္တဝါဒကို လက်ခံထားကြခြင်းကြောင့် ဖြစ်၏။ ထိုသာသနာပပုဂ္ဂိုလ်များ လက်ခံထားသော "အတ္တ"ဟူသည်မှာ သတ္တဝါ၏အမာခံအနှစ်သာရဟုဆိုလို၏။ အမာခံအနှစ်သာရဆိုသည်ကား ထိုအတ္တရှိမှ သတ္တဝါမည်သည်ရှိနိုင်၏။ ထိုအတ္တမရှိခဲ့သော် သတ္တဝါမည်သည် မရှိနိုင်"ဟူသော အယူဖြစ်၏။

**(လယ်တီဆရာတော် အနတ္တဒီပနီကျမ်းသစ်)**

ထိုအစဉ်အဆက်စွဲမြဲလက်ခံထားသော အယူနှင့်ဆန့်ကျင်၍ မြတ်စွာဘုရားက "သဗ္ဗေဓမ္မာအနတ္တာ"၊ ခပ်သိမ်းသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် ငါမဟုတ်၊ မိမိမဟုတ် အစိုးမရအလိုသို့မလိုက် အချည်းနှီးဖြစ်ကုန်၏။ (ဓမ္မပဒဂါထာအပိုဒ် ၂၇၉) မြန်မာပြန်ကို ဦးဖိုးလတ်နှင့်ဆရာတော် ဦးသိဋ္ဌိလတို့၏ ပြန်ဆိုချက်များနှင့်ညှိယူသည်ဟူသော သဘောတရားကို ထုတ်ဖော်ဟောကြားလိုက်ခြင်းကြောင့် ခေတ်အဆက်ဆက် အတ္တဝါဒကို လက်ခံလာခဲ့ကြသူတို့တုန်လှုပ်သွားခဲ့ကြခြင်းဖြစ်၏။ အတ္တဝါဒကိုသာ စွဲလမ်းဆုပ်ကိုင်ထားသူတို့သည် အသစ်ပေါ်ထွက်လာသော အနတ္တတရားကို နားမလည်နိုင်ကြ၊ သဘောမပေါက်နိုင်ကြ၊ လက်ခံခြင်းမပြုနိုင်ကြပေ။ အတ္တပေါ်ဤသို့စွဲလမ်းလျက်ရှိသော သူတို့ကို လယ်တီဆရာတော်ကြီးက "ဤမျှလောက်နက်နဲသော စွဲလမ်းမှုဖြင့် မိမိခန္ဓာကိုယ်၊ ငါ၏အတ္တဟု အခိုင်အမြဲစွဲလမ်းမှုသည် မိမိ၏အလိုကို လုံးလုံးလွှတ်ထား၍ ခန္ဓာ၏အလိုကိုသာ ငါလိုက်မည်ဟု သံသရာစာချုပ်ကြီး ချုပ်လုပ်မှုဖြစ်၏"ဟု စီရင်ရေးသားတော်မူခဲ့လေသည်။

**(အနတ္တ ဒီပနီကျမ်းသစ်)**

ပဉ္စဝဂ္ဂီငါးပါးတို့ကမူ မြတ်စွာဘုရားဟောကြားတော်မူသည့် အနတ္တလက္ခဏသုတ်တော်ကို နာကြား၍ ကိုယ်တိုင်ကျင့်ကြံပွားများသောအခါမှသာ ရဟန္တာအရှင်မြတ်များ ဖြစ်သွားကြရ၏။ ထိုအခါမှသာ အတ္တမှ စင်စစ်လွတ်ကြ၏။

**(ချမ်းသာကိုရှာဖွေခြင်း)**

အနတ္တတရားတော်ကို အမှန်တကယ်သဘောပေါက်၍ အနတ္တဉာဏ်ကို သာရရှိသွားမည်ဆိုပါက(အနတ္တဆိုက်သွားပြီဆိုပါက) လယ်တီဆရာတော်ဟောတော်မူသည့် သံသရာစာချုပ်ကြီးသည် ပျက်ပြယ်သွားပေမည်ဖြစ်လေသည်။ အနတ္တလက္ခဏသုတ် တရားတော်၏နက်နဲပုံနှင့် ကိုယ်တိုင်အားထုတ်ဖို့ လိုအပ်ပုံတို့ကို မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ယခုကဲ့သို့ ဟောကြားတော်မူခဲ့ပါသည်။"ဒီတရား (အနတ္တလက္ခဏသုတ်တရား)ကမလွယ်နိုင်တဲ့တရား၊ ဒီတရားတော်ကို သူတော်ကောင်းတွေဆီမှာနာယူ၊ နာယူရုံတင်လားဆိုတော့မဟုတ်ဘူး။ ပဉ္စဝဂ္ဂီတွေအားထုတ်သလိုအားထုတ်၊ နာလိုက်အားထုတ်လိုက်ပြုလုပ်၊ ဘုန်းကြီးတို့တစ်တွေ အနတ္တကိုလေ့လာ၊ အနတ္တကိုဆွေးနွေး၊ အနတ္တကိုရေးသား၊ တကယ့်အနတ္တသဘောကို အသိသဘောမျိုးတော့သိတယ်ပေါ့။ အပေါက်သဘောမျိုးတော့မပေါက်သေးဘူး။ ဒါကြောင့် အနတ္တကိုထိုးထွင်းသိဖို့ကတော့မလွယ်ဘူး။ အင်မတန်လေးနက်တဲ့တရားပါ။ **(အရှင်ဇနကာဘိဝံသ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်)**

ဓမ္မာနုပဿနာဆရာတော်ကြီးဟုလည်းကောင်း၊ အနိစ္စဆရာတော်ကြီးဟုလည်းကောင်း အမည်တပ်ခေါ်ဝေါ်ကြသော ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တက္ကန္ဒောဘာသ(၁၇၊ ဒီဇင်ဘာ ၁၉၂၂- ၁၊ ဒီဇင်ဘာ ၂၀၁၃ )သည် ဓမ္မာနုပဿနာတရားတော်များကို နှစ်ပေါင်းများစွာ ဟောကြားသွားခဲ့ပါသည်။ ဆရာတော်ကြီးက "ငါ" "သူတစ်ပါး" ယောကျ်ား၊ မိန်းမရှိသည်ဟူသောအမြင်သည် ဒိဋ္ဌိအမြင်(မိစ္ဆာဒိဋ္ဌိအမြင်)ဖြစ်ကြောင်း၊ ထိုဒိဋ္ဌိအမြင်က ရာဂဒေါသတို့ကိုဖြစ်စေကြောင်း၊ "ငါ"၊ "သူ" ဟူ၍မရှိလျှင် သူကင့်ါကိုဆဲသည်၊ သူကင့်ါကို စော်ကားသည်ဟူသော မခံချင်စိတ်ဖြစ်ပေါ်တော့မည်မဟုတ်ကြောင်း၊ မခံချင်စိတ်မဖြစ်ပါက စိတ်ဆိုးခြင်း၊ ဆဲဆိုခြင်း၊ ရိုက်ခြင်းနှက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ရှိတော့မည်မဟုတ်ကြောင်းတို့ကို အဖန်ဖန် ဟောတော်မူခဲ့ပါသည်။ ဆရာတော်ကြီးက "အနတ္တ"ကို ဖွင့်ဆိုရာ၌ "အနတ္တလက္ခဏသုတ်" ဆိုတာကိုယ့်ကိုယ်ကြီးမရှိဘူး. . ကိုယ်ကြီးရှိတယ်ဆိုတာ အဝိဇ္ဇာကိုယ်ကြီးမရှိတဲ့ အနတ္တကဝိဇ္ဇာ၊ အဝိဇ္ဇာက ကိုယ်ကြီးကို သိတယ်။ အနတ္တကိုမသိဘူး၊ ကိုယ်ဆိုတာ အတ္တကလာတယ်။ ကိုယ်ကြီးမရှိဘူးဆိုမှ အနတ္တဖြစ်သွားတယ်။ အနတ္တဖြစ်မှ အတ္တပျောက်သွားတယ်။ အနိစ္စတို့ ဒုက္ခတို့ အနတ္တတို့ဆိုတာ ဉာဏ်ခေါ်တယ်။ ကိုယ်ကြီးတို့ ငါတို့၊ ငါ့ကိုယ်ကြီးတို့၊ အဲဒါဆို၊ ဒိဋ္ဌိခေါ်တယ်။ ကိုယ်ကြီးလည်းမရှိ ငါလည်းမရှိဘူးဆိုမှ အနတ္တဖြစ်သွားတယ်။ ဉာဏ်ထဲမှာကိုယ်ကြီးမရှိဘူးဆိုမှ အနတ္တဉာဏ်ခေါ်တယ်။ စင်စစ်ကိုယ်ကြီးမရှိရဘူးဆိုတာလိုရင်း၊ ကိုယ်ကြီးရှိလာတော့ လောကကြီးဖြစ်သွားတယ်။ နာမည်တွေရော၊ သဏ္ဌာန်တွေရော၊ ယောကျ်ားတွေရော၊ မိန်းမတွေရော၊ ကုလားတွေ၊ တရုတ်တွေ၊ အင်္ဂလိပ်တွေရော၊ နတ်တွေ၊ ငရဲတွေရော၊ အဲဒါအကုန်ကိုယ်ကြီးကလာတာ၊ အတ္တကလာတာ။ အတ္တမရှိရင် အဲဒါတွေအကုန်လုံး မရှိတော့ဘူး။ အနတ္တဆိုတာဘာမှမရှိဘူး၊ အဲဒါမှနိဗ္ဗာန်ရောက်တယ်။ သူ ငါမရှိမှ နိဗ္ဗာန်ကိုရောက်တယ်ဟု ဟောပြောဖွင့်ဆိုခဲ့ပါသည်။

**(ဘဒ္ဒန္တက္ကန္ဒောဘာသမထေရ်မြတ် ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်အတွဲ ၃)**

မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်တရားတော်ကို ဟောတော်မူရာ၌"ရူပံဘိက္ခဝေအနတ္တာ" အစချီ၍ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော ခန္ဓာငါးပါးတို့၏ အစိုးမရခြင်း၊ အလိုသို့မလိုက်ခြင်း(အလိုအတိုင်းမဖြစ်ခြင်း)၊ အနတ္တာ (အတွင်းသားကိုယ်ထည်) အတ္တကောင်မဟုတ်ခြင်းသဘောကို ဦးစွာ ဟောကြားပါသည်။ ဆက်လက်၍ ခန္ဓာငါးပါးတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကို ဟောကြားပါသည်။ ထိုသို့ဟောကြားရာ၌ မြတ်စွာဘုရားနှင့်ပဉ္စဝဂ္ဂီတို့သည် ခန္ဓာငါးပါးနှင့်ပတ်သက်၍ အမေးအဖြေပြုလုပ်ကြသည်။ မြတ်စွာဘုရားက ရုပ်၊ နာမ်၊ ခန္ဓာတို့သည် မြဲ၊ မမြဲကို အရင်မေးသည်။ ပဉ္စဝဂ္ဂီတို့က မမြဲကြောင်းဖြေဆိုသည်။ မြတ်စွာဘုရားက ထိုမမြဲသောတရားသည် ဆင်းရဲလော၊ ချမ်းသာလော (မမြဲတဲ့တရားဟာ ကောင်းတာလား၊ မကောင်းတာလား)ဟုဆက်လက်မေးသည်။ ပဉ္စဝဂ္ဂီတို့က ဆင်းရဲပါဘုရား (မကောင်းပါဘူး)ဟု ဖြေဆိုကြသည်။ မြတ်စွာဘုရားသည် ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးတို့ မမြဲကြောင်း(အနိစ္စ)နှင့် ဆင်းရဲကြောင်း(ဒုက္ခ)လက္ခဏာတို့ကို အမေး၊ အဖြေပြုပြီးမှ ထိုသို့မမြဲ ဆင်းရဲပြောင်းလဲဖောက်ပြန်တတ်သော တရားကို ဤအရာသည် ငါဖြစ်သည်၊ ဤအရာသည် ငါ့အတ္တဟူ၍ ရှုမြင်ထင်မှတ်ခြင်းငှာ ထိုက်သင့်လျော်ပါမည်လားဟု မေးတော်မူရာ ပဉ္စဝဂ္ဂီတို့က ဤသို့ရှုရန် မထိုက်တန်ပါဘုရားဟု ဖြေဆိုကြသည်။ ဤအဖြေတို့ကိုရရှိပြီးနောက် မြတ်စွာဘုရားက ရုပ်၊ နာမ်၊ ခန္ဓာငါးပါးတို့အား အတိတ်ဖြစ်စေ၊ အနာဂတ်ဖြစ်စေ၊ ပစ္စုပ္ပန်ဖြစ်စေ၊ ကိုယ်တွင်းကဖြစ်စေ၊ ကိုယ်ပကဖြစ်စေ၊ အကြမ်းဖြစ်စေ၊ အနုဖြစ်စေ၊ အယုတ်အညံ့ဖြစ်စေ၊ အကောင်းအမြတ်ဖြစ်စေ၊ အဝေးဖြစ်စေ၊ အနီးဖြစ်စေ၊ "ဒါ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်" ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် ရှုရ၊ အားထုတ်ရမည်ဖြစ်ကြောင်း ဟောကြားတော်မူသည်။

**(မဟာစည်ဆရာတော် အနတ္တလက္ခဏသုတ်တရားတော်ကြီး)**

တရားတော်၏အဆုံး၌ မြတ်စွာဘုရားဟောဖော်ညွှန်ပြသည့်အတိုင်း နာယူကျင့်ကြံခဲ့ကြသည့် ပဉ္စဝဂ္ဂီငါးပါးတို့ ကိလေသာဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်၍ ဘဝအသစ်ဖြစ်မှုကုန်ဆုံးကာ ရဟန္တာဖြစ်တော်မူကြပုံကို လယ်တီဆရာတော်ကြီးက မြန်မာလိုပြန်ဆိုရေးသားထားသည်မှာ နှစ်သက်ကြည်ညိုဖွယ်ကောင်းလှသဖြင့် လယ်တီဆရာတော်၏ ပြန်ဆိုချက်အား ဖော်ပြလိုက်ပါသည်။

"ချစ်သား ရဟန်းတို့၊ ဤသို့ ခန္ဓာငါးပါးတို့၌ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသောဒုက္ခသဘော၊ အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီးသောအတိုင်း ပိုင်ပိုင်ထင်ထင်ရှုဆင်ခြင်သည်ရှိသော် ရုပ်၊ နာမ်တရားတို့၌ များသောအကြားအမြင်ရှိသော ငါဘုရား၏တပည့်မြတ်သည် ရုပ်တရားအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ခံစားမှု၊ စံစားမှု ဝေဒနာအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ အာရုံသိမှုဝိညာဏအစု၌လည်း အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေ၏။ ခန္ဓာပဉ္စက၌ အနှစ်သာရမတွေ့ဘဲ ငြီးငွေ့ပျင်းမုန်းလေသည်ရှိသော် မတွယ်တာ မသာယာဘဲ တဏှာပြတ်ကင်းမှုကြောင့် ကိလေသာဝဋ်တွင်းမှ လွတ်ကင်းထွက်မြောက်လေ၏။ ကိလေသာဝဋ်အတွင်းမှ လွတ်ကင်းထွက်မြောက်လေသည်ရှိသော် ကျွတ်ပေပြီ လွတ်ပေပြီဟူ၍ ဟုတ်တိုင်းအမှန်သိသောဉာဏ်သည် ဖြစ်ပေါ်လေ၏။ ဘဝအသစ်အဖြစ်မစဲ အသစ်သစ်လဲရမှုသည် အစတုံး၍ ကုန်ဆုံးခဲ့ရလေပြီ။ မြတ်သောအကျင့်ဟူသမျှကို ကျင့်သုံးခြင်းကိစ္စပြီးစီးခဲ့လေပြီ။ သစ္စာလေးသွယ်၌ ပြုဖွယ်ဟူသမျှ မဂ်ကိစ္စကို ကိစ္စတုန်းအောင် လုံးလုံးကြီးပြုအပ်လေပြီ။

ဤပစ္စုပ္ပန်ခန္ဓာအစဉ်မှတစ်ပါးသော ခန္ဓာအစဉ်သည် ကင်းပြတ်ကုန်ကြွေမရှိချေ။ ဤသို့ထွန်းလင်းထိန်တောက် အသိဉာဏ်ပေါ်ပေါက်လေ၏။

## ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ညနေ ၆ နာရီမှ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီ အထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှုယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မွှာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်စောင်းတန်းသို့ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက်/ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး



၂၀၁၇ ခုနှစ်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# Yangon Water Bus တွင် ကတ်စနစ်နှင့် လက်မှတ်စနစ် ငွေပေးချေမှုပုံစံ ကျင့်သုံးမည်

**ရန်ကုန် ဇူလိုင် ၁၂**

မကြာမီကာလအတွင်း စတင်ပြေးဆွဲတော့မည့် Yangon Water Bus တွင် ကတ်စနစ် ငွေပေးချေမှုစနစ်နှင့် လက်မှတ်ဖြတ်စနစ်ဖြင့် ငွေပေးချေမှုစနစ်တို့ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း Yangon Water Bus မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Yangon Water Bus ခရီးစဉ်များ စတင်ပြေးဆွဲနိုင်ပါက လက်ရှိ YBS 37 ယာဉ်လိုင်း (ယခင် BRT Lite) တွင် အသုံးပြုနေသည့် ကတ်စနစ် ငွေပေးချေမှုစနစ် Anypay Card ဖြင့် စီးနင်းနိုင်သည့်အပြင် ရေယာဉ်ဂိတ်များတွင် လက်မှတ်အရောင်းကောင်တာများဖြင့်လည်း စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

"လက်မှတ်စနစ်နဲ့လည်း စီးနိုင်သလို ကတ်စနစ်နဲ့လည်း စီးနိုင်ပါတယ်။ ကတ်စနစ်မှာ ငွေဖြည့်တဲ့အခါ ပိုမိုအဆင့်မြင့်လာတဲ့ စနစ်နဲ့ ကိုယ်တိုင်ငွေထည့်ပြီး ဖြည့်လို့ရပါတယ်။ ကျွန်တော်တို့သုံးမယ့် ကတ်က Anypay Card ဖြစ်တဲ့အတွက် YBS 37 မှာ သုံးနေတဲ့ကတ်စနစ်နဲ့ အတူတူပါပဲ။ နောက်ပြီး တခြားကားလိုင်းတွေမှာလည်း ဒီကတ်တွေ သုံးတာတွေ ရှိလာမယ်ဆိုတော့ ကားနဲ့ Water Bus အတူတူသုံးလို့ရပါတယ်"ဟု Yangon Water Bus ပြေးဆွဲခွင့်ရရှိထားသည့် တင့်တင့်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေပြီး ပါမစ်ရသည်နှင့် ရေယာဉ်များ ပြည်ပမှ သွင်းလာကာ အမြန်ဆုံးပြေးဆွဲပေးနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ Yangon Water Bus ပြေးဆွဲနိုင်ရန် ဆိပ်ခံတံတားများ၊ ရေယာဉ်ဂိတ်များ အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး MIC ပါမစ်ရရှိရန်နှင့် အဆင်သင့်ဖြစ်နေပြီဖြစ်သော ရေယာဉ်များ ရောက်ရှိရန်သာ လိုအပ်တော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

Yangon Water Bus ရန်ကုန်မြစ်ကြောင်းသွား ခရီးသည်ပို့ဆောင်ရေး အစီအစဉ်၏ ပထမဆုံးခရီးစဉ်အဖြစ် လှိုင်သာယာ-အင်းစိန်-ဗိုလ်တထောင် ခရီးစဉ်ကို စတင်ပြေးဆွဲရန် လျာထားပြီး ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များမှာ အင်းစိန်ကြို့တံတား အနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်(ဈေးကြီးတံတား)၊ လသာ (လမ်းသစ်တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင် (တံတား အမှတ် ၄ )တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်၏ ယာဉ်စီးခအနေဖြင့် ခရီးသည်တစ်ဦးလျှင် ခရီးစဉ်အစအဆုံး ငွေကျပ် ငါးရာနှုန်း သတ်မှတ်ထားပြီး လက်ရှိတွင် ဩစတြေးလျ၊ ထိုင်းတို့မှ မှာယူထားသော သင်္ဘောများအပြင် ပြည်တွင်းတွင် မှာယူတည်ဆောက်ထားသော သင်္ဘောအစင်း၂၀ ရှိကာ ၁၆ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း Yangon Water Bus ခရီးစဉ်များနှင့်ပတ်သက်၍ ပြီးခဲ့သည့် မေလက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် တင့်တင့်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားခဲ့သည်။

**(ဝဝ၁)**







# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) (၁၃)ကြိမ်မြောက် မျိုးဆက်သစ် ပန်းချီ၊ ပန်းပုပြပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ (၁၃)ကြိမ်မြောက် မျိုးဆက်သစ် ပန်းချီ၊ ပန်းပုပြပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ ကျုံးအရှေ့ဘက် လမ်း (၈၀)နှင့် (၂၄)လမ်းထောင့်ရှိ NUAC Art Gallery ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဦးယုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား)ဦးသစ်လွင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပန်းပုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဦးဇော်သန်းထွန်းက ပြပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဆရာ ဆရာမများ၊ ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော မျိုးဆက်သစ် ပန်းချီ၊ ပန်းပုလက်ရာမွန်များကို ကြည့်ရှုအားပေးကြသည်။

ယခုနှစ် (၁၃)ကြိမ်မြောက် ပန်းချီ၊ ပန်းပုပြပွဲတွင် အနုပညာဌာနခွဲ (ပန်းချီ) မှ ကျောင်းသား ကျောင်းသူ ၇၄ ဦးနှင့် အနုပညာဌာနခွဲ(ပန်းပု)မှ ကျောင်းသား ၁၅ ဦး၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ ပထမနှစ်(ဂုဏ်ထူးတန်း)၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း)၊ တတိယနှစ်(ဂုဏ်ထူးတန်း)နှင့် ဒီပလိုမာတန်းတို့မှ ကျောင်းသား ကျောင်းသူများက လက်စွမ်းပြပါဝင်ပြသထားရာ အနုပညာဌာနခွဲ(ပန်းချီ) မှ ရေးဆွဲပြသထားသည့် ခဲပန်းချီ ကိုးကား၊ မင်ပန်းချီ ငါးကား၊ ပက်စတယ်လ်ပန်းချီ ငါးကား၊ ရေဆေးပန်းချီ ၄၃ကား၊ ရေဆေးအထူ သုံးကား၊ အခရိုင်းလစ် ၁၁ ကား၊ ဆီဆေး လေးကားဖြစ်ပြီး စုစုပေါင်းပန်းချီကား ၈၂ ကားနှင့် ပန်းပုရုပ် ၃၀ ပါဝင်ပြသလျက်ရှိသည်။

(၁၃)ကြိမ်မြောက် မျိုးဆက်သစ် ပန်းချီ၊ ပန်းပုပြပွဲကို၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှစတင်ကျင်းပလာခဲ့ရာ ယခု၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် (၁၃) ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခုပြပွဲကို ဇူလိုင် ၁၅ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက် လောကသစ်တံတားဖွင့်

**ဒိုက်ဦး ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ် (၉) ဖအောင်ဝဲရပ်ကွက်၌ လောကသစ်တံတားဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ ဒိုက်ဦးမြို့နယ်အတွင်း ကျောင်းတိုက်များမှ ကျောင်းထိုင်ဆရာတော်ကြီးများ ကြွရောက်ကြပြီး ပရိယတ္တိကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အဆိုပါ လောကသစ်တံတားကြီးအား ဖအောင်ဝဲရပ်ကွက် မန္တလေးအထက်ကျောင်းတိုက်ဆရာတော် ဒေါက်တာအဂ္ဂဝံသ ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့် ရပ်ဝေးအလှူရှင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းလှူဒါန်းငွေကျပ် ၁၆၃၄ သိန်းကျော်ဖြင့် တည်ဆောက်ထားသော အရှည် ပေ ၁၀၀ အကျယ် ၊ အမြင့် ၁၅ ပေ(သံကူကရစ်)တံတားဖြစ်ကြောင်းနှင့် အဆိုပါတံတားမှ ကျေးရွာပေါင်း ၁၀ ရွာကျော်နှင့် ဒိုက်ဦး-ညောင်ခါးရှည် မဟာဗျူဟာလမ်းမှတစ်ဆင့် ဝေါမြို့နယ်သို့လည်းကောင်း၊ ကျိုက်ထိုမြို့နယ်သို့လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းပုံစံများ ပြုစုထိန်းသိမ်းနည်းသင်တန်း ငါန်းဇွန်မြို့၌ ဖွင့်လှစ်ပို့ချ

**ငါန်းဇွန် ဇူလိုင် ၁၂**

ငါန်းဇွန်မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ထပ်မံဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ငွေစာရင်းပုံစံများ ပြုစုထိန်းသိမ်းနည်းသင်တန်းကို ဇူလိုင် ၁၁ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်သက်ဆိုင်သော ငွေစာရင်းပုံစံများ၊ ချေးငွေနှင့် သက်ဆိုင်သောပုံစံများ၊ ငွေစာရင်းစာအုပ်များနှင့် စာရင်းဇယားများ ပြုစုထိန်းသိမ်းတတ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြင့်သူက ဦးဆောင်ကာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ငါန်းဇွန်ကျေးလက်**

# မွေးမြူရေးသမဝါယမအသင်းသားစုဆောင်းငွေကို ခုနှိမ်ပေးသွင်းမှုနှင့်ပတ်သက်၍ ဒေသခံအသင်းသားများ ကျေနပ်မှုမရှိ

**ဟိုင်းကြီးကျွန်း ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ကံချိုင်ကျေးရွာ သုခိတာရာမကျောင်းတိုက်ဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်းဥက္ကဋ္ဌမှ အသင်းသား ၅၂၂ ဦး၏ စုဆောင်းငွေကျပ်သိန်းပေါင်း ၁၁၅၃၆၂၀၀ ကို အသင်းသားများ၏ သဘောတူညီမှုမရှိဘဲ ငပုတောမြို့နယ် သမဝါယမအသင်းစုသို့ ပေးဆပ်ရမည့်ငွေများတွင် ခုနှိမ်ပေးသွင်းခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသည့်ကိစ္စနှင့်ပတ်သက်၍ မြို့နယ်သမဝါယမဦးစီးဌာနက ဒေသခံအသင်းသားများနှင့် တွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့ရာ အဆင်ပြေမှုမရှိကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ငပုတောမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနှင်းက ကံချိုင်ကျေးရွာ မွေးမြူရေးနှင့်သမဝါယမအသင်းတွင် အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အသင်းသား စုစုပေါင်း ၅၂၂ ဦးရှိကြောင်း၊ (၁-၇-၂၀၁၅)ရက်နေ့မှ ခြောက်လတစ်ကြိမ် ချေးငွေများ ချေးပေးခဲ့ပြီး(၁-၁-၂၀၁၇) ရက်နေ့တွင် (၄)ကြိမ်မြောက် ငွေထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ (၃၀-၆-၂၀၁၇)ရက်နေ့တွင် နောက်ဆုံးထား၍ အသင်းသားများ ပြန်လည်ပေးဆပ်ရမည့်ငွေမှာ တစ်ဦးလျှင် ကျပ် ၇၃၁၃၉ ရှိကြောင်း၊ လက်ရှိအချိန်တွင် အသင်းသားများ စုဆောင်းထားရှိသောငွေမှာ တစ်ဦးလျှင် ကျပ် ၂၂၁၀၀ ရှိနေပြီဖြစ်ကြောင်း၊ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးအနေဖြင့် အသင်းသားများ၏ ပြန်လည်ပေးဆပ်ငွေများကို စုစည်း၍ မြို့နယ်သမဝါယမအသင်းစုသို့ အပြည့်အဝပေးသွင်းထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် အသင်းဥက္ကဋ္ဌအနေဖြင့် အသင်းသားများ၏ စုဆောင်းငွေကို အမှန်တကယ်ပေးဆပ်ရမည့်ငွေအတွင်း ခုနှိမ်ပေးချေခဲ့ခြင်းဖြစ်သည့်အတွက် စုဆောင်းငွေလက်ကျန်မရှိတော့ကြောင်း၊ အသင်းသားများ၏ စုဆောင်းငွေများ နစ်နာဆုံးရှုံးမှုနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုး ထွက်ပြေးတိမ်းရှောင်နေမှုကို တရားစွဲဆိုမည်ဆိုပါက အသင်းသားများ၏ သဘောတူညီမှုဖြင့် ကျန်ရှိသည့် အမှုဆောင်အဖွဲ့ဝင် လေးဦးက တရားစွဲဆိုနိုင်ပြီး မြို့နယ်သမဝါယမဦးစီးဌာနက ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်သည်ဟု ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒေသခံများက ဆွေးနွေးရာတွင် အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးမှာ အသင်းသားများ၏ သဘောတူညီမှုမရှိဘဲ ၎င်းတို့ စုဆောင်းငွေများကို မြို့နယ်သမဝါယမအသင်းစုသို့ ပေးဆပ်မည့်ငွေတွင် ခုနှိမ်ပေးဆပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ခြောက်လတစ်ကြိမ် ပြန်ဆပ်ရမည့်ငွေများကို အမှုဆောင်အဖွဲ့သို့ အသင်းသားများက ပေးသွင်းထားပြီးဖြစ်ကြောင်း၊ ငပုတောမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် အသင်းသားစုငွေခုနှိမ်ခြင်းကို စိစစ်ဆေးမှုမရှိဘဲ လက်ခံခဲ့သည်ကိုကျေနပ်မှုမရှိကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အတူ မြို့နယ်သမဝါယမဦးစီးဌာနတွင်လည်း တာဝန်ရှိကြောင်း အသင်းသားများက ၎င်းတို့၏ စုဆောင်းငွေများကို ပြန်လိုချင်ကြကြောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ဒေသခံ ဦးမြင့်ရွှေက "ကျွန်တော်တို့ အသင်းစုငွေကို ပြန်လိုချင်တယ်။ သမဝါယမကို ငွေပြန်ဆပ်တာနဲ့ပတ်သက်လို့ အသင်းသားတွေ တာဝန်ကျေခဲ့ကြတာပဲ။ အခု ငွေစုငွေချေးလုပ်တဲ့စာအုပ် တစ်အုပ်ပဲ လက်ထဲမှာရှိတော့တယ်။ ငွေတွေက ပြန်မရတော့တဲ့ အခြေအနေဖြစ်သွားပြီ"ဟု ပြောသည်။

ဟိုင်းကြီးကျွန်း မြို့ပေါ်ရပ်ကွက် သုံးခုအပါအဝင် ကျေးရွာအုပ်စု ၂၂ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ရေလုပ်ငန်း စသည့်အခြေခံသမဝါယမအသင်းများကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းနှင့် မြို့နယ်သမဝါယမအသင်းစုမှ အခြေခံသမဝါယမအသင်းများကို ချေးငွေများထုတ်ချေးခြင်းနှင့်ပတ်သက်၍ မြို့နယ်သမဝါယမ ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဦးစီးမှူး ဒေါ်အေးအေးနှင်းက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် မန္တလေးဆန်ဈေးကွက် အေးစက်



**မန္တလေး ဇူလိုင် ၁၂**

အထက်မြန်မာပြည်ဒေသများတွင် မိုးဦးကာလရွာသွန်းသောမိုးများကြောင့် လမ်းပန်းဆက်သွယ်သွားလာရေး ခက်ခဲလာသဖြင့် မန္တလေးဆန်ဈေးကွက်တွင် ဈေးနှုန်းကျဆင်းခြင်း မရှိသော်လည်း အရောင်းအဝယ်အေးစက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောသည်။

"မြန်မာပြည်အထက်ပိုင်းဒေသတွေဖြစ်တဲ့ မြစ်ကြီးနား၊ ချင်းပြည်နယ်စတဲ့ ဒေသတွေမှာ မိုးများတော့ ရေကြီးတာတွေ၊ မြေပြိုတာတွေဖြစ်နေတယ်။ ဒီအခြေအနေကြောင့် မန္တလေးကနေ ဆန်၊ ကြက်သွန်စတဲ့ ပစ္စည်းတွေဝယ်ပြီး ကားတွေနဲ့ နယ်အနှံ့လိုက်ရောင်းတဲ့သူတွေကလည်း ဒီမိုးတွင်းမှာ မသွားနိုင်ဘူး။ ဆန်မှ မဟုတ်ပါဘူး၊ အခြားပစ္စည်းတွေလည်း အရောင်းအဝယ်အေးနေပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးဆန်ဈေးကွက်မှာ အရောင်းအဝယ်အေးနေသော်လည်း မူဆယ်ဘက်မှ ဝယ်လက်များက မြန်မာပြည်အောက်ပိုင်းဒေသများအထိ လိုက်လံဝယ်ယူနေခြင်းနှင့် ပြည်ပမှ သင်္ဘောများကလည်း ရန်ကုန်ဆိပ်ကမ်းတွင် ရောက်ရှိနေခြင်းကြောင့် ရန်ကုန်ဆန်ကြမ်းဈေးကွက်မှာ ဈေးတက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် လက်ရှိအနေအထားအရ ဆန်ဈေးကွက်အေးစက်နေသော်လည်း ယခုရက်ပိုင်းအတွင်း ထွက်ရှိသည့် နွေစပါးကိုမူ လယ်ကွင်းထဲအထိ ဝယ်ယူမှုများရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်ထက် ကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာမှ တောင်သူကိုနေလင်းက ပြောသည်။

မန္တလေးဆန်ဈေးကွက်တွင် လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းများမှာ ရွှေဘိုဘေးကြားပေါ်ဆန်း(အသစ်) တစ်တင်းဝင်တစ်အိတ်လျှင် ကျပ် ၄၃၀၀၀-၄၄၀၀၀၊ ရန်ကုန်ပေါ်ဆန်း (အသစ်) ကျပ် ၃၂၀၀၀-၃၅၀၀၀၊ ရွှေတောမဂျမ်း ကျပ် ၄၅၀၀၀-၄၇၀၀၀၊ ဧရာမင်း ကျပ် ၄၂၀၀၀-၄၃၀၀၀၊ နွေဇီယာ ကျပ် ၂၂၀၀၀-၂၃၀၀၀၊ ကောက်ညှင်း(အပု) ကျပ် ၂၄၀၀၀-၂၅၀၀၀၊ ကောက်ညှင်း(အသွယ်) ကျပ် ၄၀၀၀၀-၄၂၀၀၀ နှင့် သုခ ကျပ် ၂၂၀၀၀-၂၃၀၀၀ ဈေးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅၆ စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်း များအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်ကို မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Gas အိုးသစ် (1×15)kg (170)U (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၃၅ သန်းခန့်) တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၉ ရက်တွင် မူဆယ်မှ မန္တလေးသို့ ဝင်ရောက်လာသော Canter ယာဉ်ကို (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသော ပစ္စည်းများနှင့်အတူ ရောနှော တင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Eye Massager (1×20) (30)Pkgs **(အပေါ်ပုံ)** (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၈ သန်းခန့်) တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# အကြမ်းဖက်သင်တန်းဖွင့်လှစ်ရန် လူသစ်စုဆောင်းသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျီးနွတ်သီးကျေးရွာ၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အကြမ်းဖက်သင်တန်းဖွင့်လှစ်ရန် လူသစ်စုဆောင်းသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက လှည့်ကင်း ဆောင်ရွက်စဉ် ဘူးသီးတောင်မြို့နယ် ကျီးနွတ်သီးကျေးရွာနေ ကာဒေဟူဆောင်း သည် အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်နေကြောင်း သတင်းအရ ၎င်း၏နေအိမ် ကို ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ၎င်းနေအိမ်အတွင်း၌ အလျား ၁၂ ပေ၊ အနံ ၁၂ ပေရှိ အစိမ်းရောင်မိုးကာစ ခြောက်ခုနှင့် အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ အပြာရောင် မိုးကာစသုံးခုတို့ကို တွေ့ရှိ၍ ကာဒေဟူဆောင်းအား စစ်ဆေးရာ ၎င်းသည် အကြမ်းဖက်သမားများနှင့်ပူးပေါင်း၍ ယာယီတဲဆောက်လုပ် နေထိုင်ရန် မိုးကာစများ ဝယ်ယူစုဆောင်းခြင်း၊ အကြမ်းဖက်သင်တန်း ဖွင့်လှစ်ရန် လူစုဆောင်းခြင်း၊ အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ရန်အတွက် ဓားဦးချွန်များပြုလုပ်ရန် စီစဉ်ခြင်းများ ပြုလုပ်သူဖြစ်ကြောင်း သိရသဖြင့် တောင်ဘက်နယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# သစ်ဖောင်ဂွဲကြိုးပြတ်၍ သစ်ဆွဲမော်တော်ကိုဝင်တိုက်ရာ မော်တော်နစ်မြုပ်မှုဖြစ်ပွား

**စစ်ကိုင်း ဇူလိုင် ၁၂**

သစ်ဖောင်ဂွဲကြိုးပြတ်၍ မျောရာမှ သစ်ဆွဲမော်တော်တစ်စင်းကို ဝင်တိုက်၍ ဝမ်းဗိုက်ပေါက်ကာနစ်မြုပ်မှု ဇူလိုင် ၁၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က စစ်ကိုင်းမြို့ အင်းဝတံတားအနီး ဧရာဝတီမြစ်အတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သူရိန်မျိုးဝင်းသစ်ဖောင်တွဲမော်တော်(၁)နှင့် (၂) နှစ်စင်းသည် ဧရာဝတီမြစ်အတွင်း ကသာမြို့ ဒေါ်ကဝင်းသစ်ဆိပ်မှ ကျွန်းသားဆိုက်စို အလုံးရေ ၁၄၀၀ ခန့်ကို စစ်ကိုင်းမြို့မြန်မာ့သစ်လုပ်ငန်းသို့ပို့ရန် သစ်ဖောင် တွဲ ခုနစ်တွဲဖြင့် စုံဆင်းကာ ဝါးချက်ဆေးရုံအနီး စောင့်ဆိုင်းနေစဉ် ဂွဲကြိုးပြတ် ကာ ရေစီးအားဖြင့် သစ်လုံးများမျောပါသွားပြီး သူရိန်မျိုးဝင်းသစ်ဖောင်တွဲ မော်တော်(၁)၏ ဝမ်းဗိုက်ကို တိုက်မိခဲ့ကြောင်း သိရသည်။

ရေစီးအရှိန်သစ်လုံးအားဖြင့် ဝင်တိုက်မိသောကြောင့် မော်တော် ဝမ်းဗိုက်ပေါက်ကာ စစ်ကိုင်းမြို့မင်းလမ်းရပ်ကွက် ကမ်းနားလမ်း 3Colour လက်ဖက်ရည်ဆိုင်နှင့် မင်းလမ်းကြား ဧရာဝတီမြစ်အတွင်း သစ်လုံးများ နှင့်အတူ မော်တော်မျောပါသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြသင်းနှင့် တပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် မီးသတ် တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တွေ့ရသဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မျောပါသည့်သစ်လုံးများကို ဆယ်ယူလျက်ရှိကြောင်း သိရသည်။

နစ်မြုပ်သည့် မော်တော်ပိုင်ရှင်မှာ မန္တလေးတိုင်းဒေသကြီး မတ္တရာ မြို့နယ်နေ ဦးမျိုးဝင်းဖြစ်ပြီး လှေတွဲဦးစီးသည် စစ်ကိုင်းမြို့နယ် မင်းကွန်း ရွာနေ ဦးဝင်းမျိုးဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ရသေ့တောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ချင်းရွာနှင့် မောင်တောမြို့နယ် မောင်နှမ တောင်ရွာတို့တွင် ယမန်နေ့ နံနက်ပိုင်းက မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက ရသေ့တောင်မြို့နယ် ချင်းရွာတွင် လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူ မာမောက်နိုရူအား တွေ့ရှိ၍ ဖမ်းဆီးထိန်းသိမ်းပြီး ညောင်ချောင်းနယ်မြေရဲစခန်း၌ စစ်ဆေးလျက်ရှိသည်။

အလားတူ ဇွန် ၃၀ ရက်က ပြင်ဖြူကျေးရွာနေ မာမက်အာယာစ် အသတ်ခံရမှုနှင့်ပတ်သက်သည့် မသင်္ကာသူတစ်ဦး မောင်တောမြို့နယ် ကျီးကန်းပြင်ဈေး၌ ရောက်ရှိနေကြောင်းသတင်းအရ ယမန်နေ့ နံနက် ၉ နာရီ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာ မောင်နှမတောင်ရွာနေ ဆွေယော့ဂျူဟတ်အား ဖမ်းဆီးရမိပြီး ပြင်ဖြူနယ်မြေရဲစခန်း၌ စစ်ဆေးလျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**သူရကျော်နှင့် မဝင်းမာထွေးတို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၂**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇူလိုင် ၁၁ ရက်က သာစည်မြို့နယ် ယင်းမာပင်ကျေးရွာနှင့် ဘုရားငါးဆူဘူတာအကြား ရထားပေါ်တွင် ခရီးသည် သူရကျော်နှင့် မဝင်းမာ ထွေးတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၃၊ ဘိန်းဖြူ ၅ ဒသမ ၁ ဂရမ်၊ ဆေးခြောက် ခြောက်ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ် ၁၂၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ် (၄)ရပ်ကွက် လမ်း (၆၀) × စိန်ပန်းလမ်းထောင့်တွင် ဆိုင်ကယ်မောင်းနှင် လာသူ ဌေးအောင်နှင့် စိုင်းစိုးနောင်တို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၃ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်တွင် အိုက်ကျန်း မောင်းနှင်ပြီး မယွန်တောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မယွန်တောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မသင်္ကာ၍စစ်ဆေးရာမှ ဓားဖြင့် ပြန်လည်ခုခံသော လူတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် သိမ်းဆည်းရမိ

**မိုးညှင်း ဇူလိုင် ၁၂**

မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာတွင် ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီခွဲခန့်က ဓားနှင့်ပြန်လည်ခုခံသော လူတစ်ဦးအား မူးယစ်ဆေးဝါးများနှင့် သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

မိုးညှင်းရဲစခန်းမှ နယ်ထိန်းအဖွဲ့သည် မကြာမီဖြစ်ပေါ်ခဲ့သော အမှုမှ တရားခံအား စုံစမ်းရှာဖွေနေရာ ဘီလူးမြို့ သရက်ကုန်းရပ်ကွက်အတွင်း လမ်းလျှောက်နေသူ ရဲအောင် (၃၇)နှစ်အား ဇူလိုင် ၁၀ ရက် ညနေ ၅ နာရီခွဲက စစ်ဆေးရာ အစစ်ဆေးမခံဘဲ ၎င်းတွင် ပါလာသော အရှိုးအသွား တစ်ပေ ခုနစ်လက်မရှိ ဓားဖြင့် ပြန်လည်ရန်ပြုခဲ့သဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

“ရပ်ကွက်ထဲမှာ လွယ်အိတ်လွယ်ထားပြီး ဓားလွယ်ထားတာကို မသင်္ကာ လို့ ခေါ်ယူစစ်ဆေးတော့ သူ့အနားကိုမကပ်အောင် ပါလာတဲ့ဓားကိုထုတ်ပြီး ဝှေ့ရမ်းတယ်။ ကျွန်တော်တို့က ဝိုင်းထားပြီး အနာတရမဖြစ်စေတဲ့ နည်းနဲ့ ဖမ်းချုပ်နိုင်ခဲ့တယ်”ဟု နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်မင်းစိုးက ပြောသည်။

၎င်းမှာ ဘီလူးမြို့ မြို့ဟောင်းရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး လွယ်ထား သော လွယ်အိတ်အတွင်းမှ AAတံဆိပ်ပါ အဖြူရောင်ကော်ဘူးအတွင်း ဖြူဝါကျား အမှုန့် သုည ဒသမ ၃ ဂရမ်ခန့်ပါ တစ်ဘူး၊ အဝါရောင်အဖုံး ပိတ်လျက် ဘိန်းဖြူအနည်းငယ် ကပ်ညိနေသော အဖြူရောင်ကော်ဘူးတစ်ဘူး၊ အနက်ရောင် အဖုံးပိတ်လျက် ဘိန်းဖြူမှုန့်အနည်းငယ် ကပ်ညိနေသော ပင်နီဆီလင် ပုလင်းခွံတစ်လုံး၊ ငွေကျပ် ၂၆၂၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဓားဖြင့်ပြန်လည်ခုခံသူ ရဲအောင်အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(မင်းမင်းဦး)**



# လုံခြုံရေးတပ်ဖွဲ့ကို ပစ်ခတ်ခဲ့ပြီး တရားခံလုယူထွက်ပြေးခဲ့သည့်အဖွဲ့မှ တရားခံတစ်ဦးနှင့် လက်နက်များ သိမ်းဆည်းရမိ

**ကော့ကရိတ် ဇူလိုင် ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် တရားရုံး၌ ဇွန် ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ကို ပစ်ခတ်ခဲ့ပြီး တရားခံလုယူထွက်ပြေးခဲ့သည့်အဖွဲ့ မှ တရားခံ ကျော်ဘဲ့ (ခ)ကျော်ပဲ့(ခ) ကျော်ပု (၄၁)နှစ် KNU တပ်မဟာ (၇) ရင်း(၁၀၁) အထူးတပ်ရင်းမှ ခွဲမှူးအဆင့်ရှိ ဂဏန်း၏လက်အောက် တွင် တာဝန်ထမ်းဆောင်နေသူသည် ကော့ကရိတ်မြို့နယ် ရန်ကုတ် ကျေးရွာအုပ်စု ဇော်ဟဲကျေးရွာတွင် ရောက်ရှိနေကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန့်ဇင်လင်း၏ အနီးကပ်ကြီးကြပ် စေလွှတ်မှုကြားမှုဖြင့် ဇူလိုင် ၁၀ ရက်က သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံကျော်ဘဲ့(ခ) ကျော်ပဲ့(ခ) ကျော်ပုအား M16 တစ်လက်၊ ၎င်းကျည်အိမ်အတိုတစ်ခု၊ ယင်း ကျည် ၁၂ တောင့်နှင့်အတူ ဖမ်းဆီး ရမိခဲ့သည်။

ဆက်လက်၍ တရားခံအား ဆက်လက် စစ်ဆေးမေးမြန်းခဲ့ရာ ကော့ကရိတ်မြို့နယ် ဇော်ဟဲကျေးရွာ ၎င်း၏နေအိမ်အောက်ရှိ သစ်ပုံအောက် တွင် ကျင်းအနက် တစ်ပေခန့်ရှိ ပလတ်စတစ်အပြာစဖြင့် ပတ်ထားပြီး ပြောင်းအား နှစ်လက်မကော်ပိုက်စွပ် ထားသည့် ကာဘိုင်သေနတ်တစ်လက်၊ ၎င်းကျည်အိမ်အရှည်တစ်ခုတို့ကို သွားရောက်သိမ်းဆည်းခဲ့သည်။

ထို့ကြောင့် တရားခံကျော်ဘဲ့(ခ) ကျော်ပဲ့(ခ)ကျော်ပုအား တရားစွဲ တင်ပို့နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖော်ထုတ် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**




# နှစ်ရာသီအငှားစာချုပ်ဖြင့် ဘိုင်ယန်မြူးနစ်သို့ ဂျိမ်းစ်ရိုဒရီဂွက်ဇ် ပြောင်းရွှေ့

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အပြီးသတ်ခေါ်ယူခွင့်အချက်ပါ နှစ်ရာသီအငှားစာချုပ်ဖြင့် ဇူလိုင် ၁၁ ရက်တွင် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ ဂျိမ်းစ်ကို မန်ယူ၊ ချယ်လ်ဆီးအသင်းတို့မှ တောက်လျှောက်ချိတ်ဆက်နေသည့်ကြားမှပင် နာမည်သိပ်မထွက်ခဲ့သော ဘိုင်ယန်က လက်မှတ်ရေးထိုးခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်ဥက္ကဋ္ဌ ရူမင်နစ်ဂ်က ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူနိုင်ရေးမှာ နည်းပြ အန်စလော့တီ၏ ယခုနှစ် နွေဈေးကွက် အကြီးမားဆုံးဆန္ဒဖြစ်ပြီး အသင်းများအပြိုင်အဆိုင် အလိုရှိနေသည့်ကြားမှ ယခုလို အောင်အောင်မြင်မြင်ခေါ်ယူနိုင်ခဲ့ခြင်းအပေါ် ကျေနပ်မိကြောင်း ဆိုခဲ့သည်။

နည်းပြ အန်စလော့တီသည် ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် တာဝန်ယူစဉ်ကာလက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း ဂိုးသွင်းဘုရင်ဖြစ်ခဲ့သည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို မိုနာကိုအသင်းမှ ရီးယဲလ်သို့ ခေါ်ယူခဲ့သူဖြစ်သည်။ ဂျိမ်းစ်မှာ အန်စလော့တီ လက်အောက်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း နည်းပြ ဇီဒန်းလက်ထက်တွင် ပွဲထွက်ချိန် အကန့်အသတ်ရှိနေခြင်းကြောင့် အသင်းပြောင်းရန် ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်ကတည်းက ကြိုးပမ်းနေခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်မှာ ရီးယဲလ်အတွက် ၁၁၁ပွဲဝင်ရောက်ကစားရာတွင် ၃၆ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ၄၁ ကြိမ်အထိပြုလုပ်နိုင်ခဲ့သော်လည်း ဂျူဗင်တပ်အသင်းနှင့် ရင်ဆိုင်ခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ၁၈ ဦးစာရင်းမှ ချန်လှပ်ခံခဲ့ရသည်။ ရူမင်နစ်ဂ်က ဂျိမ်းစ်မှာ ကိုယ်တိုင်ဂိုးသွင်းယူနိုင်စွမ်းရှိသူဖြစ်သလို ဂိုးဖန်တီးမှုနှင့် အလွတ်တည်ကန်ဘောကန်သွင်းမှုတို့တွင်လည်း အကောင်းဆုံးကစားနိုင်သည့် စွယ်စုံရကစားသမားဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ရိုဒရီဂွက်ဇ်မှာ တရုတ်နှင့် စင်ကာပူတို့တွင် လာမည့် တနင်္ဂနွေနေ့မှ စတင်၍ ၁၂ ရက်ကြာ ယှဉ်ပြိုင်မည့် ရာသီကြိုခြေစမ်းပွဲတွင် ဘိုင်ယန်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်သည်။ ဘိုင်ယန်သည်အစောပိုင်းက အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်ကို ခေါ်ယူရန် ချိတ်ဆက်ခဲ့သော်လည်း နောက်ပိုင်းတွင် ဂျိမ်းစ်ကိုသာခေါ်ယူရန် ဘက်လှည့်စဉ်းစားခဲ့ပြီးနောက် အောင်အောင်မြင်မြင်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ရီးယဲလ်ဂန္ထဝင်ကစားသမားဟောင်း ဟူဂိုဆန်းချက်ဇ်က ဂျိမ်းစ်မှာ ရီးယဲလ်အတွက် ပုံမှန်ပွဲထွက်ခွင့်ရနိုင်လောက်သည့် ထက်သန်သည့်စရိုက်လက္ခဏာရှိသူမဟုတ်ကြောင်း ဝေဖန်ခဲ့သည်။ ဟူဂိုဆန်းချက်ဇ်က “ဂျိမ်းစ်အနေနဲ့ ဇီဒန်းက သူ့ကိုပွဲတိုင်းအသုံးပြုနိုင်ဖို့ လုံလောက်တဲ့ယုံကြည်မှုအတွက် သက်သေပြဖို့ လိုပါတယ်။ တစ်ပွဲပြီး နောက်တစ်ပွဲပေါ့။ ဂျိမ်းစ်မှာ မာကျောတဲ့ စိတ်ထားမျိုးပျောက်ဆုံးနေတာက အဓိကပဲလို့ ပြောရမှာပါ” ဟု မာကာရေဒီယိုသို့ ပြောကြားခဲ့သည်။

မေလဲ့သင်း – စုစည်းသည်

## ဆန်းချက်ဇ်ကို ပရီမီယာလိဂ်ပြိုင်ဘက်အသင်းသို့ ရောက်ရှိမသွားရေး ကြိုးစားမည်ဟု မန်စီးတီးကို ဝင်းဂါးထပ်မံသတိပေး

အာဆင်နယ်နည်းပြဝင်းဂါးက ဆန်းချက်ဇ်ကို ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတစ်ခုသို့ မရောက်ရှိရေး စွမ်းနိုင်သမျှ ကြိုးပမ်းသွားမည်ဖြစ်သလို စာချုပ်သက်တမ်းတိုးရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆစ်ဒနီမြို့တွင် ကျင်းပသည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဝင်းဂါးက မိုနာကို တောင်ပံတိုက်စစ်မှူး လီမာကို ခေါ်ယူနိုင်ရေး ကြိုးပမ်းနေသည်ကို အတည်ပြုခဲ့သော်လည်း လီမာ အာဆင်နယ်သို့ ရောက်ရှိလာလျှင်လည်း ဆန်းချက်ဇ်ကို ထုတ်ရောင်းမည်မဟုတ်ဘဲ ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဆိုသည်။

သို့သော် ဝင်းဂါးသည် ဗန်ပါစီ၏ အပြောင်းအရွှေ့သတင်းများလှုပ်ခတ်နေချိန်တုန်းကလည်း ဗန်ပါစီ ဘယ်အသင်းကိုမှ ပြောင်းရွှေ့မည်မဟုတ်ဟု ဆိုခဲ့သော်လည်း ရက်သတ္တပတ်အနည်းငယ်အကြာမှာပင် မန်ယူသို့ ရောက်ရှိသွားခဲ့ဖူးသည်။ ယခုမူ ဝင်းဂါးက ရာသီမကုန်ခင်ကပင် အသင်း၏ အဓိကကစားသမားများကို ပြိုင်ဘက်အသင်းနှင့် ပူးပေါင်းခွင့်ပြုမည်မဟုတ်ဘဲ စွမ်းနိုင်သမျှ တားဆီးသွားမည်ဟု ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီးဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

အာဆင်နယ်သည် ယခုနှစ်နွေဈေးကွက်အတွင်း နောက်ခံလူ ဆီဒ်ကိုလာရှိုနစ်နှင့် တိုက်စစ်မှူး လာကာဇက်တို့ကို ခေါ်ယူနိုင်ခဲ့သော်လည်း ဝင်းဂါးက လာကာဇက်ကို ခေါ်ယူနိုင်ခြင်းက တိုက်စစ်မှူး ဂျီရူးကို ထုတ်ရောင်းမည်ဟူသောအဓိပ္ပာယ် မသက်ရောက်ကြောင်း ထပ်မံအတည်ပြုခဲ့သည်။

## လူကာကူမှာ ကမ္ဘာ့ဈေးအမြင့်ဆုံး ကစားသမားဖြစ်နိုင်ဖွယ်ရှိ



မန်ယူအသင်းက တိုက်စစ်မှူး လူကာကူကို ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းနဲ့ ခေါ်ယူခဲ့တာကြောင့် ပဉ္စမမြောက် တန်ဖိုးအမြင့်ဆုံးကစားသမား ဖြစ်လာခဲ့တာပါ။ ဒါပေမယ့် တကယ်တမ်း အဲဗာတန်နဲ့ မန်ယူတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်အရ ထပ်ဆောင်းအပိုဆုကြေးကိုပါ ထည့်သွင်းတွက်မယ်ဆို လူကာကူရဲ့ တန်ဖိုးအမှန်ဟာ ပေါင် သန်း ၉၀ အထိ ရှိမယ်လို့ သိရပါတယ်။ စာချုပ်မှာ အောင်မြင်မှုအနေအထားပေါ်မူတည်ပြီး ပေါင် ၇ ဒသမ ၅ သန်း ပေးချေရမယ်ဆိုတဲ့ အချက်နှစ်ရပ် ပါဝင်တာကြောင့် လူကာကူရဲ့ ပြောင်းရွှေ့ကြေးတန်ဖိုးအမှန်က ပေါင် သန်း ၉၀ လို့ ဖော်ပြနေကြတာ ဖြစ်ပါတယ်။

မန်ယူဟာ ပြီးခဲ့တဲ့နှစ်နွေဈေးကွက်အတွင်း ပေါလ်ပေါ့ဘာကို ဂျူဗင်တပ်အသင်းကနေ ကမ္ဘာ့စံချိန်တင်ကြေး ပေါင် ၈၉ သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် ဒါဟာ ဆုကြေးတွေ အားလုံးအတွက် အပြီးသတ်ကုန်ကျစရိတ်ဖြစ်ပါတယ်။ ဒါကြောင့် လူကာကူအတွက် အပိုဆုကြေးပေးဆောင်ရတဲ့အချိန်ရောက်ရင် လူကာကူဟာ ပေါ့ဘာထက် တန်ဖိုးမြင့်တဲ့ ကစားသမား ဖြစ်လာမှာပါ။

မန်ယူအမှုဆောင်ချုပ် အက်ဒ်ဝုဒ်ဝ့်ဒ်ဟာ လူကာကူကို ခေါ်ယူခဲ့ရာမှာ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလ မာရှယ်လ်ကို ခေါ်ယူစဉ်က အသုံးပြုခဲ့တဲ့နည်းလမ်းအတိုင်း ပြောင်းရွှေ့ကြေးနဲ့ အပိုဆုကြေးကို သီးခြားစီပေးချေဖို့ သဘောတူညီခဲ့တာကြောင့် လူကာကူဟာ ကမ္ဘာ့ဈေးအမြင့်ဆုံးကစားသမားလို့ ယေဘုယျသတ်မှတ်နိုင်တာ ဖြစ်ပါတယ်။ မန်ယူဟာ တိုက်စစ်မှူး မာရှယ်လ် သွင်းဂိုး ၂၅ ဂိုးပြည့်သွားခဲ့လို့ ပြီးခဲ့တဲ့ဘောလုံးရာသီကပဲ မိုနာကိုအသင်းကို ပေါင် ၈ ဒသမ ၅ သန်းပေးချေခဲ့ရပြီးဖြစ်ပါတယ်။ လူကာကူအတွက် ပေါင် ၇ ဒသမ ၅ သန်းတန်အချက်နှစ်ခုက ဘာလဲဆိုတာ မီဒီယာတွေက အတိအကျထုတ်ပြန်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် လူကာကူရဲ့ ဒီအပြောင်းအရွှေ့ဟာ ပရီမီယာလိဂ်အသင်းအချင်းချင်း ကစားသမားပြောင်းရွှေ့မှုမှာ စံချိန်တင်ပမာဏဖြစ်ခဲ့တဲ့ ၂၀၁၁ ခုနှစ် ဖာနန်ဒိုတောရက်စ်အတွက် ချယ်လ်ဆီးက လီဗာပူးကို ပေးချေခဲ့ရတဲ့ ပေါင်သန်း ၅၀ ကို ကျော်တက်သွားခဲ့ပါတယ်။

## ဘောလုံးသမားတွေရဲ့ တန်ဖိုးအမြင့်ဆုံး ဂျာစီများ




ကြေးအမြင့်ဆုံးအပေးခံရတဲ့ ကစားသမားတွေရဲ့ ဂျာစီ ၁၀ ထည်ကို အရောင်းအဝယ်ကိစ္စရပ်တွေဖော်ပြနေတဲ့ အီးဘေးဝက်ဘ်ဆိုက်ရဲ့ထုတ်ဖော်မှုအရ ဘောလုံးပရိသတ်တွေရဲ့ ဈေးအမြင့်ဆုံးပေးချေဝယ်ယူဖို့ အသင့်ဖြစ်နေတဲ့ ဂျာစီပိုင်ရှင်က ဘယ်သူလဲ။ ဘောလုံးကို အရူးအမူးအားပေးတဲ့ ပရိသတ်တွေက သူတို့အားပေးတဲ့ ကစားသမားတွေရဲ့ မှတ်မှတ်ရရဖြစ်တဲ့ ဂျာစီတွေကို တန်ဖိုးမြင့်ပေးချေဖို့ အသင့်ရှိနေပါတယ်။ အီးဘေးရဲ့ ဖော်ပြချက်အရ တန်ဖိုးအမြင့်ဆုံးနံပါတ်(၁)နေရာမှာရှိနေတာက ၁၉၇၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပီလီဝတ်ဆင်ခဲ့တဲ့ ဘရာဇီးအသင်း အဝေးကွင်းဝတ်စုံ (အပြာရောင်) ဂျာစီဖြစ်ပြီး စဆိုတဲ့ဈေးက ပေါင် ၁၃၀၀၀ ဖြစ်ပါတယ်။ ဒုတိယတန်ဖိုးအမြင့်ဆုံးကတော့ ဘရာဇီးတောင်ပံတိုက်စစ်မှူး ဂျာဇီနိုရဲ့ လက်မှတ်ပါရှိတဲ့ ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်းဂျာစီဖြစ်သလို တတိယနေရာမှာတော့ ၁၉၇၀ ပြည့်လွန်နှစ်များက ပီလီရဲ့ ဆန်းတို့စ်ဂျာစီဖြစ်တာကြောင့် တန်ဖိုးအမြင့်ဆုံးထိပ်တန်း သုံးနေရာကို ဘရာဇီးသားတွေကသာ လွှမ်းမိုးနေတာကို တွေ့ရပါတယ်။ စတုတ္ထနေရာမှာတော့ ကွင်းလယ်လူ ဇီဒန်းရဲ့ ရီးယဲလ်ကစားသမားဘဝ နောက်ဆုံးဝတ်ဆင်ခဲ့တဲ့ ဂျာစီ၊ ပဉ္စမနေရာမှာတော့ ၁၉၈၆-၈၇ ဘောလုံးရာသီ ယူရိုပီယံဖလားပြိုင်ပွဲဝင် ဘာစီလိုနာအသင်းဂျာစီ ဖြစ်ပါတယ်။ အီးဘေးရဲ့ထုတ်ပြန်ချက်အရ တန်ဖိုးအမြင့်ဆုံး ဂျာစီ ၁၀ ထည်မှာ လက်ရှိ ဘောလုံးလောကတွင် ကျင်လည်နေတဲ့ ကစားသမားထဲမှာ မက်ဆီရဲ့ ဂျာစီတစ်ထည်သာ ပါဝင်ပြီး ၂၀၁၅ ခုနှစ် ရီးယဲလ်ကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပွဲစဉ်မှာ မက်ဆီဝတ်ဆင်ခဲ့တာပါ။ ဒီဂျာစီကတော့ တန်ဖိုး ပေါင် ၄၉၉၅ နဲ့ အဆင့်(၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ပြည်တွင်းရေးရာ

# ဇွန်လအတွင်း ပြည်တွင်းပြည်ပအလုပ်နေရာ ၂၅၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေး ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဇွန်လအတွင်း ပြည်တွင်းပြည်ပအလုပ်နေရာ ၂၅၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ဇွန်လအတွင်း ပြည်တွင်းအလုပ်နေရာ ၉၄၄၇ နေရာနှင့် ပြည်ပအလုပ်နေရာ ၁၆၁၀၂ နေရာတို့ကို ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် ရရှိမှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ ၃၆ ဦး၊ စင်ကာပူနိုင်ငံသို့ ၆၃ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၆၇ ဦး၊ ထိုင်းနိုင်ငံသို့ ၁၅၀၇၃ ဦး၊ ဂျပန်နိုင်ငံသို့ ၂၅၂ ဦး၊ ယူအေအီးသို့ နှစ်ဦး၊ ကာတာနိုင်ငံသို့ ခုနစ်ဦး၊ မကာအိုနိုင်ငံသို့ နှစ်ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# လူထုဗဟိုပြုစီမံကိန်းပံ့ပိုးငွေဖြင့် တံတားတည်ဆောက်ခဲ့မှုအား လူထုစစ်ဆေးပွဲပြုလုပ်

**မင်းတုန်း ဇူလိုင် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် မဲဇလီအုပ်စု မဲဇလီကျေးရွာရှိ အိမ်ထောင်စု ၂၃၁ စုအတွက် အရှည် (၃၉ ဒသမ ၉ ပေ×၁၂ ပေ×၇ပေ)ရှိ ကျောက်ရိုးစီ သစ်သားတံတားအား မတ် ၂၄ ရက်တွင် စတင်ပြီး ဇူလိုင် ၃ ရက်က ဆောက်ရွက်ပြီးစီးခဲ့သောကြောင့် ကျေးရွာလူထု၏လုပ်ငန်းဆောင်ရွက်မှုဖြစ်စဉ်များအား သုံးသပ်သည့် လူထုစစ်ဆေးပွဲကို ဇူလိုင် ၁၁ ရက်က ကျေးရွာစီမံခန့်ခွဲရေး အထောက်အကူပြု ကော်မတီများ ဦးဆောင်ပြီး မဲဇလီကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုစစ်ဆေးပွဲကို Cardino Myanmar မှ Mr. Paul (ဖွံ့ဖြိုးရေးပညာရှင်)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဦးဝင်းသူရနှင့် မြို့နယ်အဆင့် နည်းပညာအကြံပေးဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး တည်ဆောက်ပြီးစီးခဲ့သည့် ကျောက်ရိုးစီ သစ်သားတံတားမှာ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်းကျော်နှင့် စီမံကိန်းပံ့ပိုးငွေကျပ် ၁၃၇ သိန်း စုစုပေါင်း ငွေကျပ် ၁၅၂ သိန်းအကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**


## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဘန့်ဘွေးအထက ဆဌမတန်းမှ မောင်သီဟမျိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဦး [၁၃/နခတ(နိုင်)၀၅၉၈၃၂] ဖြစ်ပါကြောင်း။ **ဦးအောင်စိုးဦး**

သင့်သွေးဖြင့်အသက်ကယ်ပါ

## wpfDwnfzpyfaumif

ပဲခူးမြို့နယ်၊ ဝင်္ဂဘော်ကျေးရွာအုပ်စု (ဘ)ဦးမောင်မောင်(အမိ) ဒေါ်တင်လှ [၇/ပခန(နိုင်)၁၄၃၆၁၉]တို့၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ စာစစ်ဌာန၊ ခုံအမှတ်-ဆသယ-၆၉၉၅ ဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုခဲ့သော မငြိမ်းငြိမ်းသူ(မညိမ်းညိမ်းသူ) အမည်(၂)ခုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


# ကွန်ပျူတာ သင်တန်းဖွင့်

**သန်လျင် ဇူလိုင် ၁၂** - သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ကျေးလက်ကွန်ပျူတာ နည်းပညာပြန့်ပွားရေး (Advance Level-2) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၉ ရက်ကကျင်းပရာ သင်တန်းသား ၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**







# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်၊ ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**( ၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကလေးသူငယ်ကို ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း သို့မဟုတ် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီလျှင် ဤဥပဒေအရသာ စီရင်ပိုင်ခွင့်ရှိစေရမည် -

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်ခြင်း၊
(ခ) ပြည်ပတွင် မြန်မာနိုင်ငံသားက ဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသူကဖြစ်စေ ကလေးသူငယ်တစ်ဦးဦးအပေါ် ကျူးလွန်ခြင်း၊
(ဂ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး နိုင်ငံတော်အလံလွှင့်ထူခွင့်ရှိသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း၊
(ဃ) ဤဥပဒေ အခန်း (၁၈) ပါ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား ပြည်ပနိုင်ငံတစ်ခုခုသို့ လွှဲပြောင်းပေးပို့ခြင်းမပြုသည့်ကိစ္စ၌ ထိုသူက နိုင်ငံတော်အတွင်း ရှိနေခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ကလေးသူငယ်**ဆိုသည်မှာ အသက် (၁၈) နှစ် မပြည့်သေးသောသူကို ဆိုသည်။
(ဂ) **အသက်နှင့်စပ်လျဉ်းသည့်အထောက်အထား**ဆိုသည်မှာ ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးစာရင်း၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက် မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် အခြားခိုင်လုံသော အထောက်အထား စာတမ်းအမှတ်အသား တစ်ခုခုကို ဆိုသည်။
(ဃ) **ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား**ဆိုသည်မှာ ကလေးသူငယ်၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဤဥပဒေပါ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှု အများဆုံးဖြစ်စေသည့် ကလေးသူငယ် အခွင့်အရေးများ ရရှိခံစားခြင်းကို ဆိုသည်။
(င) **ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စွပ်စွဲခံရသော သို့မဟုတ် တရားခံအဖြစ် တရားစွဲဆိုခြင်းခံရသော ကလေးသူငယ်ကို ဆိုသည်။
(စ) **ကလေးသူငယ်မှုခင်း**ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့သောပြစ်မှုကို ဆိုသည်။
(ဆ) **ကလေးသူငယ်တရားရုံး**ဆိုသည်မှာ ဤဥပဒေအရ ကလေးသူငယ်ပါဝင်သော မှုခင်းများကို စစ်ဆေးစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တည်ထောင်ထားသောတရားရုံးကို ဆိုသည်။
(ဇ) **အုပ်ထိန်းသူ**ဆိုသည်မှာ ဤဥပဒေအရ သော်လည်းကောင်း၊ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာ တစ်ရပ်ရပ်အရသော်လည်းကောင်း မိသားစုလူမှုဝတ္တရားနှင့်အညီ ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်သူကို ဆိုသည်။
(ဈ) **ပြုစုစောင့်ရှောက်သူ** ဆိုသည်မှာ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်အား ဤဥပဒေနှင့်အညီ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားရန် တာဝန်ယူသောသူကို ဆိုသည်။
(ည) **သင်တန်းကျောင်း**ဆိုသည်မှာ ဤဥပဒေအရ ပို့အပ်သည့်ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းကို ဆိုသည်။
(ဋ) **ပရဟိတဂေဟာ**ဆိုသည်မှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုစောင့်ရှောက်ရန် ရည်ရွယ်၍ ဤဥပဒေနှင့်အညီ မိမိတို့၏ အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကို ဆိုသည်။
(ဌ) **ယာယီစောင့်ရှောက်ရေးဂေဟာ**ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲ ကာလနှင့် ကလေးသူငယ် တရားရုံးတွင် စစ်ဆေးစီရင်ဆဲ ကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေအရ တည်ထောင်ထားသော ဂေဟာကို ဆိုသည်။
(ဍ) **အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း (Alternative Care)** ဆိုသည်မှာ အခြေအနေတစ်ရပ်ရပ်ကြောင့် မိဘဖခင်း ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှုနည်းလမ်းတစ်ခုခုဖြင့် ပြုစုစောင့်ရှောက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင်ဆွေမျိုးသားချင်းများမှ ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်း အခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီပြုစုစောင့်ရှောက်ခြင်း စသည့် နည်းလမ်းများ ပါဝင်သည်။
(ဎ) **အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်း (Diversion)** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို ပြစ်ဒဏ်ချမှတ်မည့်အစား အကျင့်စာရိတ္တပြုပြင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ရေးကို ဦးတည်၍ ထိုကလေးသူငယ်အား ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုခြင်းမပြုမီဖြစ်စေ၊ ကလေးသူငယ်တရားရုံးတွင် အမှုစစ်ဆေးနေစဉ် ကာလအတွင်းတွင်ဖြစ်စေ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ပြောင်းလဲ၍ ဆောင်ရွက်ပေးသည့် အခြားလုပ်ငန်းအစီအစဉ်များကို ဆိုသည်။
(ဏ) **မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ဆိုသည်။
(တ) **ကလေးသူငယ်ကိုရောင်းချခြင်း**ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးကဖြစ်စေ၊ ဂိုဏ်းအုပ်စုကဖြစ်စေ ကလေးသူငယ်ကို အခြားသူအား ငွေကြေးဖြင့်ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်တစ်ခုခုအတွက်ဖြစ်စေ လွှဲပြောင်းပေးခြင်းကို ဆိုသည်။
(ထ) **ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း**ဆိုသည်မှာ ငွေကြေးဖြင့် ဖြစ်စေ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့်ညီညွတ်ချက် တစ်ခုခုအတွက်ဖြစ်စေ ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင်အသုံးပြုခြင်းကို ဆိုသည်။
(ဒ) **ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း** ဆိုသည်မှာ လိင်ပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် ရည်ရွယ်၍ တစ်စုံတစ်ယောက်က ကလေးသူငယ်ကို ကာမဆက်ဆံမှုပြုခြင်းဖြစ်စေ၊ အမှန်တကယ် ကာမဆက်ဆံမှုမပြုဘဲ ပုံသဏ္ဌာန်ပြုလုပ်ခြင်းဖြစ်စေ၊ ကာမဆက်ဆံပုံကို သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အင်္ဂါအစိတ်အပိုင်းကို ဖြစ်စေ တစ်နည်းနည်းဖြင့် ညစ်ညမ်းပုံပြုလုပ်ခြင်း၊ သတင်းမီဒီယာမှ သော်လည်းကောင်း၊ အင်တာနက်စာမျက်နှာများနှင့် လူမှုကွန်ရက်များမှ သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် သော်လည်းကောင်း ထုတ်ဖော်ပြသခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ဆိုသည်။
(ဓ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)** ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် ကလေးသူငယ်တစ်ဦးအား ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ အခြားတစ်နည်းနည်းဖြင့် လိင်ပိုင်းဆိုင်ရာကိစ္စပြုလုပ်စေခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မ ဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကို ဖြစ်စေ၊ ကလေးသူငယ်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကို သော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။
(န) **အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း (Worst forms of child labour)**ဆိုရာတွင် အောက်ပါပြုလုပ်မှုတစ်ခုခု ပါဝင်သည်-
(၁) ကလေးသူငယ်ကို ရောင်းချခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကျေးပိုင်ကျွန်ပိုင်ပြုလုပ်ခြင်း၊ လူကုန်ကူးမှုကျူးလွန်ခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် အသုံးချရန် တပ်သားအဖြစ် အဓမ္မ သို့မဟုတ် မလုပ်မနေရ စုဆောင်းခြင်း အပါအဝင် အဓမ္မ အလုပ်ခိုင်းစေခြင်း သို့မဟုတ် မလုပ်မနေရ အလုပ်ခိုင်းစေခြင်း၊
(၂) ပြည့်တန်ဆာပြုလုပ်ခိုင်းစေရေးအတွက် ဖြစ်စေ၊ ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်းပြုရေးအတွက် ဖြစ်စေ၊ ညစ်ညမ်းပုံ ပြသသရုပ်ဆောင်ရေးအတွက် ဖြစ်စေ ကလေးသူငယ်ကို အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊
(၃) မူးယစ်ဆေးဝါးထုတ်လုပ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အပါအဝင် မူးယစ်ဆေးဝါး တရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများအတွက် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊
(၄) လုပ်ကိုင်သော အလုပ်သဘာဝနှင့် အခြေအနေများအရ ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသော အလုပ်ခိုင်းစေခြင်း။
(ပ) **ခွဲခြားဆက်ဆံခြင်း**ဆိုသည်မှာ နိုင်ငံသား၊ မျိုးနွယ်စု၊ လူမျိုး၊ ဇာတိ၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဆင်းရဲချမ်းသာမှု၊ မသန်စွမ်းမှု၊ နိုင်ငံရေး သို့မဟုတ် ယုံကြည်မှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုကို ဆိုသည်။
(ဖ) **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း**ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား ကိုယ်ထိလက်ရောက် အင်အားသုံး၍ အသက်သေစေလောက်သော သို့မဟုတ် အပြင်းအထန် ထိခိုက်ဒဏ်ရာရစေသော အကြမ်းဖက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုများလည်း ပါဝင်သည် -
(၁) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော ပြုမူဆက်ဆံမှု၊
(၂) ရိုက်နှက်ပြစ်ဒဏ်ပေးမှု အပါအဝင် တစ်နည်းနည်းဖြင့် အပြစ်ပေးမှု၊
(၃) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်မှု။
(ဗ) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း**ဆိုသည်မှာ ကလေးသူငယ်ကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင် မကြာခဏ မတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ အလွဲသုံးခြင်း၊ စိတ်တွင်ကြိတ်မှိတ်ခံစားစေအောင် ပြုမူခြင်း သို့မဟုတ် လျစ်လျူရှုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည် -
(၁) ကလေးသူငယ်ကို အကြိမ်ကြိမ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြုလုပ်မှု၊
(၂) ကလေးသူငယ်ကို ကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမြတ်ထုတ်စော်ကားခြင်း၊ အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်း၊ ကလေးသူငယ်၏ ဆန္ဒကို ငြင်းပယ်ခြင်းနှင့် အခြားကလေးသူငယ်များကိုသာ မျက်နှာသာပေးခြင်းတို့နှင့်ဆိုင်သည့် ပြုလုပ်မှု၊
(၃) ကလေးသူငယ်၏ စိတ်ခံစားမှုအရဖြစ်ပေါ်သည့် အပြုအမူများကို ခွင့်မပြုခြင်း၊
(၄) အိမ်တွင်းအကြမ်းဖက်မှု သို့မဟုတ် ဆိုးရွားသောဆက်ဆံမှုကို တွေ့မြင်ခံစားရစေခြင်း၊
(၅) ကလေးသူငယ်၏ လူ့ဂုဏ်သိက္ခာကျဆင်းအောင် ထိန်းသိမ်းထားခြင်း၊
(၆) စိတ်ပိုင်းဆိုင်ရာထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်း။
(ဘ) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း**ဆိုသည်မှာ အရွယ်ရောက်သူကဖြစ်စေ၊ အခြားသော ကလေးသူငယ်ကဖြစ်စေ ကလေးသူငယ်အား သွေးဆောင် ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်ခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်ရန် အားပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတို့လည်း ပါဝင်သည်-
(၁) ထိတွေ့ပွတ်သပ်ကိုင်တွယ်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် အတင်းအကြပ်ပြုလုပ်မှု၊
(၂) စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် အသုံးပြုခြင်း၊
(၃) ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြု၍ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း၊
(၄) အတင်းအကြပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။
(မ) **လျစ်လျူရှုခြင်း**ဆိုသည်မှာ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ကလေးနှင့် ထိတွေ့ဆက်ဆံနေရသူများက ကလေးသူငယ်အပေါ် လုံလောက်သော အစားအစာ၊ အဝတ်အစားနှင့် ကျန်းမာရေးအတွက် ဂရုစိုက်စောင့်ရှောက်မှု၊ ချစ်ခင်ကြင်နာမှု၊ နွေးထွေးမှု စသည့် ကလေးသူငယ်များအတွက် အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပျက်ကွက်ခြင်းကို ဆိုသည်။
(ယ) **မသန်စွမ်းကလေးသူငယ်**ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များအား ရေရှည်ခံစားနေရသော ကလေးသူငယ်ကို ဆိုသည်။
(ရ) **ရန်ပုံငွေ**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့်ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။
(လ) **တည်ထောင်ခွင့်ပြုမိန့်**ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ရန် ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော တည်ထောင်ခွင့်ပြုမိန့်ကို ဆိုသည်။

ဆက်လက်ဖော်ပြပါမည်။

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဇူလိုင် ၁၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက (Yangon Transformer & Electrical Co.Ltd)မှ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလှူရှင်သီတဂူ ဦးမောင်သောင်း (Yangon Transformer&Electrical Co.Ltd) မှ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အုတ်ဖိုမြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်စုစုကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများအား အလှူရှင်သီတဂူ ဦးမောင်သောင်းက တိုင်းဒေသကြီးပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားအကများဖြင့် လည်းကောင်း၊ ဇာတိမာန်သီချင်းသီဆို၍လည်းကောင်း အခမ်းအနားကို ရုပ်သိမ်းကာ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကျောင်းဆောင်သစ်အားလှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကျောင်းဆောင်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အာစီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ကျောင်းသား ကျောင်းသူများပညာသင်ကြားရာတွင် နေရာအခက်အခဲမရှိစေရေးအတွက် အလှူရှင်သီတဂူ ဦးမောင်သောင်း (Yangon Transformer & Electrical Co.Ltd) က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ဝန်ကြီးချုပ်ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးနှင့်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်မိသားစုများ၊ ဒေသခံများတက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## အထက(၆) ဗိုလ်တထောင် အားကစားကော်မတီသို့ အားကစားပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၂**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၏ လမ်းညွှန်ချက်နှင့်အညီအားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများနှင့်နည်းပြဆရာများ ကူညီဆောင်ရွက်ပေးရန်အတွက် အားကစားပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ အထက(၆)ဗိုလ်တထောင် (စိန်ပေါလ်ကျောင်း) အောင်ကျော်ခန်းမ၌ ကျင်းပခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ဗိုလ်တထောင်ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာချစ်၊ အထက(၆) ကျောင်းသားဟောင်းများ၊ အထက(၆) ဗိုလ်တထောင် အားကစားကော်မတီ ဦးသိန်းဆွေနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က အထက(၆)ဗိုလ်တထောင် အားကစားကော်မတီနှင့် ကျောင်းအုပ်ကြီးထံသို့ အားကစားပစ္စည်းများပေးအပ်ခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်လက်ခံခဲ့သည်။

ဆက်လက်၍ ၁၉၉၅ ခုနှစ်ကျောင်းသားဟောင်းများနှင့် ဦးတင်မောင်ထွေးမိသားစုတို့မှ အထက(၆)ဗိုလ်တထောင်အားကစားကော်မတီသို့ အလှူငွေများပေးအပ်ခဲ့ပြီး (စိန်ပေါလ်) အားကစားအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အထက(၆)ဗိုလ်တထောင် (စိန်ပေါလ်)ကျောင်းသို့ ဘောလုံးဂိုးပိုက် (နှစ်ကွင်းစာ) လေးခု၊ ဘတ်စကက်ဘောဘောလုံး ၁၅ လုံး၊ ပိုက်ကျော်ခြင်းလုံး ၂၅ လုံး၊ ပိုက်ကျော်ခြင်းပိုက် ငါးခု၊ ဘော်လီဘောဘောလုံး ၁၀ လုံး၊ ဘော်လီဘောပိုက် နှစ်ခု၊ ကြက်တောင်ပိုက် သုံးခု၊ ကြက်တောင် ငါးဒါဇင်၊ ကြက်တောင်ရိုက်တံ (Racket ) ၁၂ စုံ တို့ကို ပေးအပ်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**



## ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းအချို့ ယာယီပိတ်ထားရ

**ပွင့်ဖြူ ဇူလိုင် ၁၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းပါးအနီးဝန်းကျင်ရှိ ကျေးရွာများမှ အခြေခံပညာမူလတန်းကျောင်းအချို့ ဇူလိုင် ၁၁ ရက်မှ စတင်၍ ယာယီပိတ်ထားရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေချမ်းစဉ်ကျေးရွာ၊သံကိုင်းကျေးရွာ၊ ကူကြီးကျေးရွာနှင့် ကျည်ကုန်းကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းဝင်းများအတွင်း မြစ်ရေများ ဝင်ရောက်လာသဖြင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားရန် အခက်အခဲဖြစ်နေ၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ရေကြောင်းအန္တရာယ် ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

**ပုသိမ် ဇူလိုင် ၁၂**
ဧရာဝတီတိုင်းဒေသကြီး၌ ဝါဆိုလပြည့်ကျော်သည်နှင့် မြစ်တွင်းလှိုင်းခုန် မိုးသည်းထန်လာသဖြင့် ရေကြောင်းခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် တိုင်းဒေသကြီး ရေကြောင်းညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်နောင်ကျော်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပုသိမ်ဆိပ်ကမ်းအတွင်းသို့ ဝင်/ထွက် သွားလာနေကြသော စက်တပ်ရေ ယာဉ်သင်္ဘောများအား အန္တရာယ် ကင်းရှင်းစေရန် ပုသိမ်မြို့နယ် အထွေထွေဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေကြောင်း ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရေယာဉ်ကိုယ်ထည်နှင့် စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ လိုင်စင်ရှိ/မရှိ စသည်တို့ကို ရှောင်တခင် စစ်ဆေးခြင်းများနှင့် ရေယာဉ်ဝန်ထမ်းများ အခြေခံရှေးဦးသူနာပြုနည်းများ တတ်မြောက်ထားရှိစေရန် အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ပုသိမ်လုကြည်)**



## မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရှင်းလင်း

**သဃ်န်းကျွန်း ဇူလိုင် ၁၂**
ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ သဃ်န်းကျွန်းတပ်ခွဲမှူး ဒုရဲမှူးသိန်းဝင်းသည် ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက သဃ်န်းကျွန်းရထားရဲစခန်းစစ်ရေးပြကွင်း၌ ကွပ်ကဲမှုအောက်ရှိ ရဲစခန်း၊ တပ်စုများမှ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတို့ကို ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**(၁၁၈)**

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး သစ်ပင်၊သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း၊ ACSR ကြိုးများလဲလှယ်

**ကျောက်ဆည် ဇူလိုင် ၁၂**
ကျောက်ဆည်ခရိုင်ခရိုင် ပလိပ်မြို့အတွင်းရှိ ပြည်သူများ လျှစ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ ဓာတ်လိုက်မှုအန္တရာယ်များမဖြစ်ပေါ်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ဘဲလင်းပင်မ ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားသော ၃၃ ကေဗွီ၊ ဓာတ်တော်လိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဟောင်းနွမ်းနေသော ACSR ကြိုးများကို လဲလှယ်ဆောင်ရွက်ခြင်းအား ဇူလိုင်ပထမပတ်က နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီ အထိ ဓာတ်အားပိတ်၍ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် စဉ့်ကိုင်၊ ပလိပ်၊ တံတားဦးမြို့များ အနေဖြင့် လာမည့်လျှပ်စစ်ဓာတ်အား သုံးစွဲသည့် အချိန်ကာလများတွင် ဓာတ်အားစဉ်ဆက်မပြတ်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**





ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်သည် ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီက ခရမ်းမြို့ အမှတ် (၁၂)ရပ်ကွက် ဓမ္မာရုံတွင် သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောခဲ့ရာ ဒေသခံအင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြသည်။
**အောင်ဆွေ(ရွှေတံတား)**

## လမ်းမတော်မြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

**လမ်းမတော် ဇူလိုင် ၁၂**
ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များအားလုံး၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၂ ရက် နံနက် ၆ နာရီမှစ၍ ၁၁ နာရီထိ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြကြောင်း လမ်းမတော်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးကျော်အေးထံမှ သိရသည်။

လမ်းမတော်မြို့နယ်၌ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိရာ အဖွဲ့(၁)၁/၂/၃ ရပ်ကွက် အဖွဲ့(၂) ၄/၆/၁၁ ရပ်ကွက် အဖွဲ့(၃)၅/၇/၁၀ ရပ်ကွက်နှင့်အဖွဲ့(၄) ၈/၉/၁၂ ရပ်ကွက်တို့အားအုပ်စုခွဲ၍ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများအား ပြည်သူဗဟိုပြုကာ လူထုလှုပ်ရှားမှုအနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။
**မောင်မောင်**

# ချင်းပြည်နယ်၌ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးကြပါစို့

(အေးမင်းစိုးရေးသား၍ကိုရင်သြဘာသာပြန်ဆိုသည်)

ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့)ထုတ် ***Global New Light of Myanmar*** သတင်းစာတွင် ***Aye Min Soe*** ရေးသားသည့် ***Creating jobs opportunities, saving wildlife in Chin State*** ခေါင်းစဉ်ပါ အထူးဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်နှင့်အညီ ဘာသာပြန်ဆိုရေးသားကာ ဖော်ပြအပ်ပါသည်။



½kH;t xdkftr SGpöd rm;ukH wfqifkm;onf bift bm;t wGp0D
"mwfykwif0if





rpb0krnftEÅ, t&Suf;L iS;ymajcmuf          atmuf;ifiSf
"mwfykwif0if

“နွေရာသီမှာပင် အေးမြလှသည့် ဥတုရာသီကိုခံစား တွေ့ထိနိုင်ပြီး မပျက်မစီး မပြုန်းမတီး သစ်တောများကို ရှုစားနိုင်သော ချင်းပြည်နယ်သည် ပြည်တွင်း၊ ပြည်ပမှ ခရီးသွား ဧည့်သည်များကို တစ်စစ ဆွဲဆောင်နိုင် . . .

ဂိမ္ဘာန်နွေဥတု၏လများအတွင်းမှာပင် အေးမြလှသည့် ရာသီဥတုရှိပြီး မပျက်စီးမပြုန်းတီးသေးသော သစ်တောများ ဖုံးလွှမ်းရာ ချင်းပြည်နယ်ကို မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းသစ်ပေးစွမ်းမည့် ဒေသတစ်ခုအဖြစ် ရှုမြင်ရလေသည်။

ချင်းပြည်နယ်သည် မကြာသေးမီက ကမ္ဘာလှည့်ခရီးသည်များအဖွဲ့တစ်ဖွဲ့ကို ကြိုဆိုနိုင်ခဲ့သည်။ ပန်းချီ ဆရာကြီး နှစ်ဦးနှင့် သူတို့၏ဇနီးသည်များပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မော်တော်ယာဉ်တစ်စီးနှင့်အတူ မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်၌ တည်ရှိသော ပခုက္ကူလွင်ပြင်ကို ဖြတ်ကျော်ခဲ့ပြီးနောက် ချင်းပြည်နယ်သို့ ဦးတည်ကာ တောင်တက်ကားလမ်းအတိုင်း မောင်းနှင်ခဲ့ကြသည်။

မလေးရှားလူမျိုး ပန်းချီဆရာကြီး ဆိုင်မွန်တန်သည် ချင်းပြည်နယ်ရှိ သာယာရှုမငြီးဖွယ်ရာ တောင်ကုန်းတောင်တန်းဒေသကို အနုပညာဖြင့် မှတ်တမ်းတင်လိုသူဖြစ်ရာ ချင်းပြည်နယ်သို့ ပထမဆုံးအကြိမ် ခရီးနှင်လာခဲ့သည် ဆို၏။

စက္ခုပသာဒ ခံစားဖွယ်ရာအတိဖြစ်သော ချင်းပြည်နယ်တွင် တောင်ကုန်းတစ်ဖက်တစ်ချက်၌ မေးတင်ဆောက်လုပ်ထားသည့် ခြေတံရှည်အိမ်လေးများက တစ်မျိုးတစ်ဘာသာ ရှုမော၍မဆုံးနိုင်ပေ။ သို့ဖြစ်လင့်ကစား ဧည့်သည်တော်များမှာ ပြည်နယ် အမှတ်သင်္ကေတ ပန်းမာလာဖြစ်သော အသွေးရောင်စုံ တောင်ဇလပ်ပန်းများကို ငေးမောကြည့်ရှုခွင့် မရကြပါလေ။ အကြောင်းမှာ ‘ချင်းပြည်နယ်နေ့’ ပွဲသဘင်ဆင်ယင်ရွှဲသည့် ဖေဖော်ဝါရီလတွင်သာ တောင်ဇလပ်ပန်းတို့ ဝေနေအောင် ပွင့်တတ်သောကြောင့်ပင်။

ကမ္ဘာလှည့်ခရီးသည်တို့မှာ အောက်ချင်းငှက်တို့ကိုလည်း တွေ့မြင်ခြင်းငှာ မစွမ်းသာခဲ့။ အောက်ချင်းငှက်ဟူသည်ကား ချင်းပြည်နယ်သူ၊ ပြည်နယ်သားတို့အတွက် ဂုဏ်ယူဖွယ်ရာ အမှတ်သင်္ကေတ။ သို့ဆိုစေကာမူ ယနေ့ကာလတွင် တောလိုက် အမဲလိုက် သတ်ဖြတ်မှုများကြောင့် အောက်ချင်းငှက်ကောင်ရေ လျင်မြန်စွာ ကျဆင်းခဲ့ရပြီဖြစ်၏။

ချင်းပြည်သူတို့၏ ထုံးဓလေ့တစ်ရပ်အဖြစ် ယူဆရသည့် အမဲလိုက်ခြင်း(ငှက်ပစ်ထွက်ခြင်း၊ တောလိုက်ခြင်း) ကြောင့် တောရိုင်းပျော် ငှက်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်ရကြောင်း၊ အောက်ချင်းငှက်များ အပါအဝင် ကျေးငှက်သာရကာများမှာ လူတို့၏ အစာရေစာအတွက် အမဲလိုက် သတ်ဖြတ်မှုများကို တွေ့ကြုံခံစားနေကြရကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးပညာရှင်များက သတိပေးကြကုန်သည်။

“ဒီဒေသမှာရှိတဲ့ စားသောက်ဆိုင်မှန်သမျှမှာ သားငှက်ဟင်းလျာတွေ ရောင်းချနေတာ တွေ့ရပါတယ်။ လူတွေ တော်တော်များများဟာ သူတို့ရဲ့ လူနေမှုဘဝအတွက် အမဲလိုက်တဲ့အလုပ်အပေါ် မှီခိုအားထားနေတာကို ကျွန်တော်တို့ သတိမူမိကြတယ်” ဟု ပန်းချီဆရာကြီး ဦးတင်ဝင်း (ဗိုလ်သနိုးတင်ဝင်းအဖြစ် သိရှိခံရသူ) ၏ ဇနီး ဒေါ်စန္ဒာက ပြောလေသည်။

ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်ရန် အရေးတကြီး လိုအပ်လှသော်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို တာဝန်ယူမှုရှိရှိဖြင့်သာ လုပ်ကိုင်သင့်ကြောင်း ခရီးသွားဧည့်သည်များက ဆိုကြလေသည်။

“ကျွန်မတို့ခရီးစဉ်အတွင်း တွေ့မြင်ရတာကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းတွေ မဆိုသလောက်သာရှိတယ်လို့ ဆိုရမှာပေါ့။ ချင်းပြည်နယ်မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရင် ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်မှာပါရှင်” ဟု ဒေါ်စန္ဒာက သူ့အမြင်ကို ထုတ်ဖော်သည်။

မကြာသေးမီနှစ်များအတွင်း ရိုးရာရက်ကန်းခတ်လုပ်ငန်းနှင့် အိမ်တွင်းမှုလက်မှုအနုပညာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်နေသော အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ခဲ့သည်။ လာရောက်လည်ပတ်သူ ဦးရေတစ်စစတိုးလာနေသော ချင်းပြည်နယ်၌ ရိုးရာလက်မှုအနုပညာပစ္စည်းများကို ခရီးသွားဧည့်သည်များကဝယ်ယူလေ့ရှိကြသည်။ ရိုးရာအဆင်တန်ဆာနားတောင်း တစ်စုံလျှင် ကျပ် ၆၀၀၀၀ အထိ အဖိုးစားနားရှိသည်ကိုဧည့်သည်များ တွေ့မြင်ကြရသည်။

ရိုးရာနားတောင်း တစ်စုံထုတ်လုပ်ရန် တစ်ရက်၊ နှစ်ရက်သာကြာမြင့်တတ်သည်။

“ချင်းပြည်နယ်ဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်မယ့် အလားအလာကောင်းတွေ ရှိတာအမှန်ပါ။ ရာသီဥတုက သာယာတယ်။ ဒါပေမယ့် အတွေးအမြင်ကျယ်ဖို့တော့ လိုအပ်လိမ့်မယ်ဗျ”ဟု မြန်မာနိုင်ငံ၏ ထင်ပေါ်ကျော်ကြားသည့် ပန်းချီဆရာကြီး ဦးတင်ဝင်းက ဆိုလေသည်။

“ချင်းပြည်နယ်သို့ ဦးတည်ရာလမ်းကို တိုးချဲ့နေတာ တွေ့ရတယ်။ တကယ်လို့ တစ်နေ့မှာ တောင်ပေါ်ဒေသကို လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်ပြီဆိုရင် ဒေသဖွံ့ဖြိုးလို့လာမယ်။ သို့ပေမယ့် ဒေသဖွံ့ဖြိုးတိုးတက်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှာကိုတော့ ကျွန်တော်တို့ စိုးရွံ့မိပါရဲ့” ဟု ဦးတင်ဝင်းက သုံးသပ်လေသည်။

နွေရာသီမှာပင် အေးမြလှသည့် ဥတုရာသီကိုခံစား တွေ့ထိနိုင်ပြီး မပျက်မစီး မပြုန်းမတီး သစ်တောများကို ရှုစားနိုင်သော ချင်းပြည်နယ်သည် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များကို တစ်စစ ဆွဲဆောင်နိုင်ကြောင်း၊ ချင်းပြည်နယ်သို့ အလည်အပတ်လာရောက်ရန် မိမိရွေးချယ်ခဲ့ရခြင်းမှာ ဒေသ၏ ပကတိရှုမငြီးဖွယ်ရာ သာယာလှပမှု၏ ဆွဲဆောင်မှုကြောင့်ဖြစ်ကြောင်း မလေးရှားနိုင်ငံသားပန်းချီဆရာကြီး ဆိုင်မွန်တန်က ပြောကြားသည်။

“နတ်မတောင်ပေါ်ကို မော်တော်ဆိုင်ကယ်တစ်စီးနဲ့ တက်ရောက်ရတာ ကျွန်တော်တို့ အဆွဲဆောင်နိုင်ဆုံးပေါ့။ လမ်းတစ်လျှောက်မှာ သာယာရှုမငြီးဖွယ်ရာ မိုးသစ်တောမြင်ကွင်းကို ရင်နဲ့အမျှ ကြည့်ရှုခံစားရင်း ခရီးသွားခဲ့ပါတယ်”ဟု ဆိုင်မွန်က ဆိုသည်။

“လမ်းခုလတ်မှာ ကျွန်တော်တို့ တွေ့ရတာကတော့ ဒူးလေးတစ်စင်းနဲ့ ဓားတစ်ချောင်းကိုင်ပြီး ငှက်တွေကို အမဲပစ်ဖို့ ထွက်လာတဲ့ ဒေသခံလူငယ်လေးတစ်ဦးပါပဲ” ဟု ဆိုင်မွန်က သူ့အတွေ့အကြုံကို ပြောပြသည်။

သို့ဖြစ်လင့်ကစား ရိုးရာအစဉ်အလာဖြစ်နေသည့် ငှက်ပစ်ထွက်ခြင်းက တောရိုင်းဘဝကို ဖျက်ဆီးနေလေသည်။ ပြည်နယ်၏ အမှတ်သင်္ကေတ အောက်ချင်းငှက်ကို ချင်းပြည်နယ် တောင်ပိုင်းဒေသတွင် အများဆုံးတွေ့ရလေ့ရှိသည်။ လွန်ခဲ့သည့်နှစ် မတ်က ပြုလုပ်ခဲ့သော စစ်တမ်းတစ်ရပ်အရ အောက်ချင်းငှက်တို့ကို တွေ့မြင်နိုင်သည့် နေရာများမှာ အလွန့်အလွန်နည်းပါးသွားပြီဟု သိရသည်။

လွန်ခဲ့တဲ့ နှစ် ၃၀ က ချင်းပြည်နယ် တောင်ပိုင်းဒေသရဲ့ နေရာအများအပြားမှာ အောက်ချင်းငှက်တွေကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမယ့် ဒီနေ့ခေတ်မှာတော့ နေရာငါးနေရာမှာပဲ အောက်ချင်းငှက်တွေကို ကျွန်တော်တို့ တွေ့ရပါတယ်” ဟု မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဦးသက်ဇော်နိုင်က ပြောသည်။

အောက်ချင်းငှက်များ မျိုးသုဉ်းလုဆဲ အနေအထားသို့ ရောက်လာရသည့် အဓိကအကြောင်းတရားမှာ ယင်းငှက်ကို လူတို့၏ အစာရေစာအလို့ငှာ လည်းကောင်း၊ အမဲလိုက် မုဆိုးအတွက် အောင်ပွဲအမှတ်သင်္ကေတ အလို့ငှာလည်းကောင်း အမဲလိုက်သတ်ဖြတ်မှု တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ အောက်ချင်းငှက်တို့ဦးခေါင်းများကို နေအိမ်များ၏ ဧည့်ခန်းများအတွင်း အလှဆင်ယင်မှုအဖြစ် အသုံးပြုကြကြောင်း ဦးသက်ဇော်နိုင်က ဆိုသည်။

မျိုးသုဉ်းမည့် ဘေးအန္တရာယ်ကျရောက်နေသော အခြားငှက်မျိုးစိတ်တစ်ခုမှာ မျက်ခုံးဖြူငှက်ပြာခြောက်ဖြစ်ပြီး ချင်းပြည်နယ်၏ တောင်တန်းများတွင်သာ အဓိက တွေ့မြင်နိုင်သည်။ မျက်ခုံးမွေးဖြူ ငှက်ပြာခြောက်ကို မျိုးသုဉ်းနိုင်သည့် ငှက်မျိုးစိတ်အဖြစ် ရှုမြင်ရသည်။

“အခြေအနေကတော့ ဆိုးလှတယ်ဗျ၊ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကစပြီး ငှက်ပြာခြောက်ကောင်ရေတစ်ဟုန်ထိုးကျဆင်းသွားခဲ့ရတယ်”ဟု ဦးသက်ဇော်နိုင်ကပြောသည်။

ဦးသက်ဇော်နိုင်သည် နှစ်စဉ်နှစ်တိုင်းလမ်းပြတစ်ဦးနှင့်အတူ ချင်းပြည်နယ်အတွင်း ကြိမ်ဖန်များစွာ ခရီးသွားလေ့ရှိသည်။ သူသည် ၂၀၀၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားများနှင့်အတူ ချင်းတောင်ခရီးလှည့်လည်ခဲ့စဉ်က မျက်ခုံးမွေးဖြူ ငှက်ပြာခြောက်ကောင်ရေ အများအပြား ရှိနေဆဲဖြစ်သည်ဟု မှတ်တမ်းတင်နိုင်ခဲ့သည်။

မျိုးသုဉ်းမည့်အန္တရာယ်ရှိ မျက်ခုံးမွေးဖြူငှက်ပြာခြောက်သည် မြန်မာနိုင်ငံ ဝိတိုရိယတောင်ဇရိယာအတွင်း၌ ကျက်စားနေထိုင်သည်ဟု သိရှိကြသည်။ သို့ရာတွင် သစ်တောများရှိ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းမှုကြောင့် ရှားပါးငှက်သတ္တဝါများ ဘာသာဘာဝကျက်စားရာ နေရာမှာ ပျက်စီးရသည်။ သို့ဖြစ်၍ မျက်ခုံးမွေးဖြူငှက်ပြာခြောက်ကောင်ရေ ၂၀၀ ခန့်သာလျှင် တောရိုင်းအတွင်း ကျန်ရှိတော့ကြောင်း၊ လူဦးရေတိုးလာမှုနှင့်အတူ အမဲလိုက်သတ်ဖြတ်မှု များပြားလာခဲ့ရာ ငှက်တို့၏ ဘာသာဘာဝရိပ်မြုံမှာ ပျက်စီးရကြောင်း သူက သုံးသပ်သည်။

“ဈေးတွေမှာ ငှက်သားရောင်းချနေတာတွေကို ကျွန်တော်တို့ တွေ့ရတယ်။ ငှက်ပစ်တာ၊ အမဲလိုက်တာကို ကျွန်တော်တို့ မတားနိုင်ရင်တော့ ငှက်မျိုးသုဉ်းသွားမှာ မလွဲဧကန်ပါပဲ”ဟု ဦးသက်ဇော်နိုင်က ဆိုလေသည်။ ။



obm0twGryuf, ifwnf&Gao;onfawmawmift v8;E\Sift dvcfU
"mwfykwif0if

# ဂွန်ရိုးရဲ့ မွေးနေ့အတွက် ပရိသတ်တွေက ဝမ်သန်း ၂၀ ကျော် လှူဒါန်း

တစ်ကျော့ပြန်အောင်မြင်လာတဲ့ တောင်ကိုရီးယား မင်းသားတစ်ဦးဖြစ်တဲ့ ဂွန်ရိုးရဲ့ လတ်တလောမှာ ကျရောက်ခဲ့တဲ့ မွေးနေ့အတွက် ရည်ရွယ်ကာ ပရိသတ်တွေက ဝမ် ၂၄ သန်း လှူဒါန်းခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Goblin"ရဲ့ အောင်မြင်မှုနဲ့အတူ ပြန်လည်ကျော်ကြားလာတဲ့ မင်းသား ဂွန်ရိုးဟာ ပြီးခဲ့တဲ့ ဇူလိုင် ၁၀ ရက်မှာ အသက်(၃၈)နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ဂွန်ရိုးရဲ့မွေးနေ့မှာတော့ သူ့ရဲ့ပရိသတ်တွေက သူ့အတွက် မွေးနေ့ပွဲကို "You and I"လို့ အမည်ပေးထားတဲ့ ပရိသတ်တွေစုပေါင်းဖွင့်လှစ်ထားတဲ့ ကဖေးမှာ ကျင်းပပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မွေးနေ့ပွဲစုပေါင်းကျင်းပခဲ့တဲ့ပရိသတ်တွေက ရရှိထားတဲ့ အလှူငွေတွေအနက် ဝမ် ၁၄ သန်းကို တောင်ကိုရီးယား ကလေးသွေးကင်ဆာဆေးရုံကြီးကို လှူဒါန်းခဲ့ပြီး ကျန်တဲ့ ဝမ် ၁၀ သန်းကိုတော့ ယူနီဆက်ဖ်(ကလေးများရန်ပုံငွေအဖွဲ့)သို့ လှူဒါန်းခဲ့ကြောင်း သိရပါတယ်။

ဂွန်ရိုးဟာ ယူနီဆက်ဖ်နဲ့ပူးပေါင်းကာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာတွေကို လှုပ်ရှားဆောင်ရွက်နေတဲ့ တောင်ကိုရီးယား အနုပညာကြယ်ပွင့်တစ်ဦးလည်းဖြစ်တာကြောင့် ပရိသတ်တွေက ဂွန်ရိုးရဲ့ မွေးနေ့အမှတ်တရအဖြစ် ယခုလို ကလေးတွေအတွက် လှူဒါန်းမှုတွေ ပြုခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။



# ဟာဂျီဝန်ရဲ့ ရုပ်ရှင်သစ် "Hospital Ship"

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဟာဂျီဝန်ဟာ လတ်တလောမှာ ရုပ်ရှင်သစ်တစ်ကားမှာပါဝင်သရုပ်ဆောင်ခဲ့ပြီး ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာတော့ ဟာဂျီဝန်ဟာ ဆရာဝန်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ အနုပညာသက်တမ်းအတော်ရခဲ့ပြီဖြစ်တဲ့ ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်ပေမယ့် ဟာဂျီဝန်ဟာ သူ့ရဲ့အနုပညာခရီးတစ်လျှောက်မှာ ဆရာဝန်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိတာကြောင့် လတ်တလောမှာ ရိုက်ကူးနေတဲ့ ယင်းရုပ်ရှင်ဟာ ဟာဂျီဝန်အနေနဲ့ ဆရာဝန်တစ်ဦးရဲ့ ဇာတ်ကောင်စရိုက်ကို ပထမဆုံးသရုပ်ဆောင်ခြင်းဖြစ်တယ်လို့လည်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Hospital Ship"အတွက် ပထမဆုံးအကြိမ် ဇာတ်ညွှန်းစုပေါင်းဖတ်ကြားခြင်း အခမ်းအနားကိုတော့ ပြီးခဲ့တဲ့ ဇူလိုင် ၆ ရက်မှာ ကျင်းပခဲ့ပြီး ယင်းအခမ်းအနားကို ရုပ်ရှင်မှာပါဝင်ထားကြတဲ့ သရုပ်ဆောင်တွေတက်ရောက်ခဲ့ကြရာ ဟာဂျီဝန်လည်း တက်ရောက်တာတွေ့ခဲ့ရပါတယ်။

ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာတော့ ဟာဂျီဝန်နဲ့အတူတွဲဖက်ကာ အခြားသောအနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ ကန်မင်ဟွတ်ခ်၊ လီစိုးဝန်၊ ကမ်အင်စစ်ခ်၊ ကွန်မင်အာ၊ ကမ်ကွမ်ဂျိုးအစရှိတဲ့ အနုပညာရှင်များစွာပါဝင်ထားကြကြောင်းလည်း သိရပါတယ်။

"Hospital Ship"ဟာ ကျန်းမာရေးဝန်ဆောင်မှုတွေနဲ့ ကင်းကွာနေတဲ့ ကျွန်းတစ်ကျွန်းပေါ်က လူတွေကို အတတ်နိုင်ဆုံးပြုစုကုသမှုတွေပေးခဲ့ကြပြီး ကျွန်းသူကျွန်းသားတွေရဲ့ အသက်တွေကို အတတ်နိုင်ဆုံးကယ်ဆယ်ဖို့ ကြိုးပမ်းခဲ့ကြတဲ့ ဆရာဝန်တစ်စုအကြောင်းကို ဇာတ်လမ်းဆင်ဖန်တီးထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဟာဂျီဝန်က ဆရာဝန်တစ်ဦးဖြစ်တဲ့ ဆောင်းအွန်ဂျေးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။

လတ်တလောမှာ ပြင်ဆင်မှုတွေပြုလုပ်နေပြီဖြစ်တဲ့ "Hospital Ship"ကိုတော့ လာမယ့်ဩဂုတ်လအတွင်း MBC ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး ထုတ်လွှင့်မယ့်ရက်အတိအကျကိုတော့ လတ်တလောအချိန်အထိ ထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**

# "Mission Impossible 6" ရိုက်ကွင်းပေါ်က ဓာတ်ပုံကို တွမ်ခရုစ် ဖော်ပြ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ခရုစ်ဟာ လတ်တလောမှာ သူ့ရဲ့ရုပ်ရှင်သစ် "Mission Impossible 6"ရဲ့ ရိုက်ကွင်းပေါ်မှာ သူနဲ့ အခြားသောအဖွဲ့ဝင်နှစ်ဦးတို့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ကာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်ကို နယူးဇီလန်မှာရိုက်ကူးခဲ့ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၉ ရက်မှာ တွမ်ခရုစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရိုက်ကွင်းပေါ်က ရိုက်ကူးထားတဲ့ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပြီး "Mission Impossible 6"ရုပ်ရှင်ရိုက်ကွင်းပေါ်ကဓာတ်ပုံနဲ့အတူ အခြားသောနယူးဇီလန်ရဲ့ လှပတဲ့ရှုခင်းတွေရဲ့ ပုံရိပ်အချို့ကိုလည်း ဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။ တွမ်ခရုစ်က "နယူးဇီလန်မှာ တွေ့ဆုံခဲ့ရတဲ့သူတွေဟာ အံ့ဩဖွယ်ကောင်းပြီး သူတို့ကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် ဒီမှာ ကျွန်တော့်ရဲ့ရုပ်ရှင်သစ် Mission Impossible 6 ကို ပါဝင်ရိုက်ကူးခဲ့ပြီး တကယ့်ကိုကောင်းမွန်တဲ့ အချိန်ကာလတွေကို ရရှိပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်" လို့ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Mission Impossible"ရုပ်ရှင်တွေရဲ့ ခြောက်ကားမြောက်ရုပ်ရှင်ဖြစ်တဲ့ "Mission Impossible 6"ကိုတော့ နယူးဇီလန်မှာ သွားရောက်ရိုက်ကူးခဲ့တာဖြစ်ပြီး တွမ်ခရုစ်အပြင် အခြားသောရုပ်ရှင်အဖွဲ့သားအချို့ကလည်း လတ်တလောမှာ နယူးဇီလန်က ရိုက်ကွင်းနဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့တာတွေကိုလည်း တွေ့ရပါတယ်။ "Mission Impossible 6"မှာတော့ တွမ်ခရုစ်နဲ့အတူ အဲလက်စ်ဘော်ဝင်၊ မိုက်ကယ်လ်မိုနာဂန်အစရှိတဲ့ နာမည်ကျော်သရုပ်ဆောင်တွေပါဝင်ထားကြပြီး ယခင်ဇာတ်လမ်းတွဲတွေမှာ ပါဝင်နေကျဖြစ်တဲ့ မင်းသား ဂျာရေမီရန်းနားကတော့ ရုပ်ရှင်သစ်မှာ ပါဝင်နိုင်ခြင်းမရှိတော့ကြောင်းလည်း သိရပါတယ်။ ယင်းဇာတ်လမ်းတွဲသစ်ကိုတော့ လာမယ့် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၇ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။



# လျှို့ဝှက်စေ့စပ်ထားကြောင်း သတင်းတွေပေါ်ထွက်လာတဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီ



မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ ကောလာဟလတွေဟာ ဆက်တိုက်ပေါ်လာခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာလည်း အဆိုပါကြယ်ပွင့်စုံတွဲဟာ တိတ်တဆိတ်စေ့စပ်ထားခဲ့ပြီးဖြစ်တယ်လို့ သတင်းတွေပေါ်ထွက်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ထပ်မံပေါ်ထွက်လာခဲ့တဲ့ ကောလာဟလတွေကို စတင်ခဲ့သူကတော့ ဆောင်ဂျွန်ကီရဲ့ ဖခင်ဖြစ်သူပဲ ဖြစ်ပါတယ်။ ဆောင်ဂျွန်ကီရဲ့ဖခင်က လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဆောင်းဟေကိုဟာ ဆောင်ဂျွန်ကီနဲ့ မစေ့စပ်မီညမှာ သူ့ရဲ့နေအိမ်မှာ ရှိနေခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒ့ါကြောင့် ကြယ်ပွင့်နှစ်ဦးဟာ စေ့စပ်ထားပြီးဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြလာခဲ့ကြတာဖြစ်ပါတယ်။

အဆိုပါအင်တာဗျူးမှာ ဆောင်ဂျွန်ကီရဲ့ဖခင်ဖြစ်သူက "ဆောင်ဂျွန်ကီဟာ အိမ်ကိုမကြာခဏပြန်လာကာ အနားယူလေ့ရှိပါတယ်။ ဒီလိုပဲ သူနဲ့အတူ သူငယ်ချင်းတွေကိုလည်း အိမ်ကို ခေါ်လာလေ့ရှိပါတယ်။ Descendants of the Sun ရဲ့ ရုပ်ရှင်ရိုက်ကွင်းက အိမ်နဲ့လည်းနီးတော့ ဆောင်ဂျွန်ကီနဲ့အတူ ဆောင်းဟေကို၊ ဂျင်းဂို၊ ကမ်ဂျီဝန်တို့လည်း လိုက်ပါလာပြီး ညအိပ်ခဲ့တာမျိုး တောင်ရှိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ၎င်းက သူ့အနေနဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ လက်ထပ်တော့မှာနဲ့ပတ်သက်ပြီး ကန့်ကွက်မှုတွေပြုခဲ့ကြောင်း သတင်းတွေပေါ်ထွက်ခဲ့တဲ့အပေါ် မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ သူက "ဆောင်ဂျွန်ကီဟာ အရွယ်ရောက်ပြီးသားသူတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့အသက်အရွယ်ကလည်း လက်ထပ်ရတော့မယ့်အရွယ်ရောက်နေပြီမို့ ဒီလိုမင်္ဂလာပွဲကျင်းပမှာကို ဂုဏ်ယူပါတယ်။ ဒီမင်္ဂလာပွဲကို ကျွန်တော်က ကန့်ကွက်တယ်ဆိုတဲ့ သတင်းတွေပေါ်ထွက်နေတော့ ဒါကို ကျွန်တော် ငြင်းပါတယ်။ ဒါဟာ နားလည်မှုလွဲတာသက်သက်ပဲဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူ့ရဲ့ ဆုံးဖြတ်ချက်ကို လေးစားပါတယ်"လို့လည်း အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ဟာ ဂျပန်နိုင်ငံမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ရုပ်ရှင်အဖွဲ့သားတွေနဲ့အတူ ပါတီပွဲကျင်းပခဲ့ကြောင်းနဲ့ ယင်းပွဲဟာ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကိုတို့ စေ့စပ်တဲ့အထိမ်းအမှတ်ပါတီဖြစ်ကာ လူပေါင်း ၃၀ ခန့် ပါဝင်ဆင်နွှဲခဲ့တာဖြစ်ကြောင်းလည်း ပရိသတ်တစ်ဦးက အွန်လိုင်းမီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။




















**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း။ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း။ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ July 15 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
ရည်မှန်းချက် ကြီးမားစွာဖြင့် ပြည်တွင်း ပြည်ပတွင် အင်္ဂလိပ်စကားကို အဆင့်မြင့်မြင့် ပြောဆိုနိုင်ရန် ပြင်ဆင်ထားချင်သူများအတွက်
အထူးစီစဉ်ဖွင့်လှစ်ပေးသည့် Certificate in Business English Speaking ၃၊လ အထူး
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လအထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်း၀ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဗိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798




ကိုကျော်နိုင်
CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံစာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၆၉၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
0940150559 စမ်းချောင်း

သန့်ရှင်းနှင့်ရောင်းရင်းများ ၅ ရွှေတောင်ပြုံးသို့
✿ ရွှေတောင်ပြုံး၊ မန္တလေး၊ ကျောက်စိမ်း(၃)ရက်။ July 31, Aug1
✿ ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း(၄)ရက်။ ထွက်မည်
✿ ရွှေတောင်ပြုံး၊ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင် (၆)ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ပုဂံ-ညောင်ဦး၊ ပုပ္ပါး) (၇/၈)ရက်။ ခရီးစဉ်အားလုံးပါ(၁၁)ရက်။
✿ ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(၇)ရက်။
✿ (ပုဂံ-ညောင်ဦး၊ ပုပ္ပါး) (တောင်ကြီး၊ အင်းလေး) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်)(၄)ရက်။ (သောကြာ) ကျိုက်ထီးရိုး/ ဧရာဝတီ (အင်္ဂါ-သောကြာ)
နေ့စဉ်ပြိုင်(ဝနေ/တနင်္ဂနွေ) ✿ ပြည်၊ အကောက်တောင်၊ နဂါးရုပ်✿ နေပြည်တော် ✿ ဂလွန်
အမှတ်(၄၂)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငှား) ပိုင်ရှင်ကိုယ်တိုင်ငှားသည်။
မြို့တွင်း / ပြင် -ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

## Invitation of Tender

Tender Notice for the Supply of Pharmaceutical Drugs, Consumables and Adverse Events Following Immunization (AEFI) Kits

Tenders are invited for provision of Pharmaceutical Drugs and Consumables for World Health Organization's Emergency Relief Response in Myanmar,

Interested parties/companies meeting the eligibility requirements below can contact, Tel: 95 1 534300, 534307, 53862~1, 532474~6 from 10 July 2017 to 21 July 2017 (Working hours: 8:30 to 17:00) for collection of the tender documents at World Health Organization, No. 403 (A1), Shwe Taung Kyar Street, Bahan Township, 11201, Yangon. Tenders should be sent and deposited into the Tender Box at above mentioned Address on or before 27 July 2017, 05:00 PM .

The Bidding Documents comprise the following:

a. Invitation to Bid
b. Instruction to Bidders
c. Bidding Form
d. Schedule of Requirement
e. General Conditions for Goods
f. Special Conditions for Contract

Eligibility Requirements

To be eligible for consideration of its tender, a tenderer should meet the following requirement:

The Bidder shall provide documentary evidence to establish to the Purchaser's satisfaction that the Bidder has the financial and technical capability necessary to perform the Contract, meets the qualification criteria specified in the Bid Data Sheet, and has a successful performance history.



# အထူးကျေးဇူးတင်လွှာ

## ဒေါ်ကွမ်းရင်(လားရှိုး) အသက်(၉၅)နှစ်

၆-၇-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အလှူဒါယိကာမကြီး Sein Wut Hmon Co.,Ltd. နှင့် Crystal Diamond Livestock Co.,Ltd တို့၏မိခင်ကြီး ဒေါ်ကွမ်းရင်၏ဈာပနကိစ္စအဝဝကို စေတနာမေတ္တာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ၊ Sein Wut Hmon Co.,Ltd.နှင့် Crystal Diamond Livestock Co.,Ltd တို့မှ ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့တွင် မီးသင်္ဂြိုဟ်ပြီး အရိုးပြာကောက်ယူပြီးစီးသည်အထိ အစစအဆင်ပြေစွာကူညီဆောင်ရွက်ပေးကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ လားရှိုးမြို့တွင် ဂူသွင်းသင်္ဂြိုဟ်စဉ် လာရောက်ကူညီဆောင်ရွက်ပို့ဆောင်ပေးကြသော ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့(လားရှိုး)၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့နှင့် မိတ်ဖက်ရဲတပ်ဖွဲ့အသီးသီးတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ လားရှိုးခရိုင်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက် မပို့ဆောင်နိုင်သော်လည်း တယ်လီဖုန်း၊ Email,Online များမှတစ်ဆင့် ဆက်သွယ်အားပေးကူညီပေးကြသောဌာနဆိုင်ရာအကြီးအကဲများ၊ မိတ်ဆွေများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးသည့်နေ့အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဆွေသင်္ဂဟမိသားစုများအားလည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြောင်း ပေးပို့ပေးကြပါသော ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများအားလည်းကောင်း၊ မိခင်ကြီး ဒေါ်ကွမ်းရင်နာမကျန်းဖြစ်စဉ်က အစစအရာရာ ကူညီပြုစုစောင့်ရှောက်ကုသပေးပါသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်ရှိ Grand Hantha ဆေးရုံမှ တာဝန်ရှိသူများနှင့် အထူးကြပ်မတ်ကုသဆောင်ရှိ ဆရာဝန်များ၊ သူနာပြုများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ကွမ်းရင် (လားရှိုးမြို့)

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့နေ ဦးစဝ်ကြာခိုင်-ဒေါ်သူဇာမွေး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်-ဒေါ်မွေးမွေးတို့၏ ချစ်လှစွာသောမိခင် ဒေါ်ကွမ်းရင်သည် ၆-၇-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၈း၅၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လားရှိုးအသင်း(ရန်ကုန်)**
**နာယကများနှင့် အသင်းသူ/သားများအားလုံး**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဝင်းမြင့် (၈၇)နှစ်

ဦးသန့်ကျော် (ဒုတိယဝန်ကြီး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်အိအိခင်ဇ (သံအမတ်ကြီး-အင်ဒိုနီးရှား)တို့၏မွေးသမိခင်သည် ၆-၇-၂၀၁၇ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်ခင်လေးမြင့်**
**ဒုတိယဝန်ကြီး-ငြိမ်း (အားကစားဝန်ကြီးဌာန) နေပြည်တော်**

# ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ကွမ်းရင် (လားရှိုးမြို့)

**အသက် (၉၅)နှစ်**

၁၉၈၃ ခုနှစ်၊ ဥပဒေမှ သူငယ်ချင်း ဦးမောင်မောင်ကျော်၏ မိခင် ဒေါ်ကွမ်းရင်(လားရှိုး)သည် ၆-၇-၂၀၁၇ရက် နံနက် ၈း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃ ခုနှစ်၊ ဥပဒေကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

# အထူးဝမ်းနည်းကြေကွဲခြင်း

## Dr.မောင်မောင်ထွန်း

**အသက်(၅၇)နှစ်**

၁၉၈၄ batch မှ သူငယ်ချင်း Dr.မောင်မောင်ထွန်းသည် ၁၀-၇-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရုတ်တရက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ နှစ် တိကုဆရာဝန်**
**သူငယ်ချင်းများ**

# ဝမ်းနည်းကြေကွဲခြင်း

## Dr. မောင်မောင်ထွန်း (၅၇)နှစ်

သူငယ်ချင်း Dr. မောင်မောင်ထွန်း (၅၇)နှစ်သည် ၁၀-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**78th batch စိန်ဂျွန်း**
**ကျောင်းသားဟောင်း**

## ဦးဝင်းအောင် (၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ တိုက်အမှတ် (B.1-105) နေ ဒေါ်စန်းရင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကိုကိုမောင်-ဒေါ်ဝင်းဝင်းစန်း၊ ဦးဇော်ဝင်း၊ (ဦးလှမိုး)-ဒေါ်စိုးစိုးမော်၊ ဦးအောင်လင်း-ဒေါ်နီလာမင်း၊ ဦးအောင်ကျော်ဦး-ဒေါ်ဇင်မာဝင်း၊ ဒေါ်ခိုင်မာဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းကို အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်စွမ်းအားရင့်

**အသက် (၇) လ**

ဦးထွန်းကျော်ကျော်(ဒုတိယညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)နှင့် ဒေါ်အေးအေးသန်း (သရုပ်ပြ၊ ဇန်းမော်ကွန်ပျူတာတက္ကသိုလ်)တို့၏သားဖြစ်သူ မောင်စွမ်းအားရင့် အသက် (၇)လသည် ၉-၇-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ဦးစီဖိုး(ခ)ဦးလှဖုန်း(၇၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၅၃)နေ (ဦးကြူကင်းရှန်-ဒေါ်ချိန်ယူကင်း)တို့၏သား၊ ဒေါ်သိန်းသိန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဌေး-ဒေါ်ခင်ခင်သီ၊ ဦးမင်းလွင်-ဒေါ်ဖြူဖြူဝင်း၊ ဦးမြင့်ထွန်း-ဒေါ်ဟော်ဆုံလန့်(ခ) မြင့်မြင့်စိန်၊ ဦးသောင်းတင်-ဒေါ်ကြူကြူသိန်း၊ ဦးစိုင်းခွန်နောင်-ဒေါ်ယဉ်ယဉ်သိန်း၊ ဦးရီဝေလင်း-ဒေါ်မီမီသိန်းတို့၏ မွေးသဖခင်၊ မောင်သူမြတ်ကျော်ဇင်၊ မဆုမြတ်သီရိ၊ မောင်မင်းထွဋ်ကျော်၊ မောင်ဇင်မင်းထွဋ်၊ မောင်ရဲမင်းထွဋ်၊ မဆုယဉ်နွယ်၊ မသူဇာထွန်း၊ မောင်အောင်နေဝင်း၊ မောင်မင်းထွဋ်အောင်၊ မောင်စိုင်းအောင်ရဲထွဋ်တို့၏ချစ်လှစွာသောအဘိုးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅း၅၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှလှကြည်(ပုသိမ်)

**အသက် (၆၀)**

**လ/ပြ(ငြိမ်း)၊ အမက(၉)**
**ကမာကဆစ်၊ အလက(၅) လှိုင်**

ရန်ကုန်မြို့တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၆)နေ (ဦးလှခင်)-ဒေါ်မြကြည်တို့၏သမီးကြီး၊ (ဦးအောင်ဖြိုး)၏အစ်မ၊ ဦးအောင်သူ၏ချစ်လှစွာသောဇနီး၊ မောင်ရှင်းသန့်-မအေးသန့်မိုး၊ မောင်ရဲမိုးအိမ်-နော်ဂျူးလိယက်၊ မမိုးဟန်ချစ်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မမိုးသခင်၏အဘွားသည် ၁၀-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့် (၈၇)နှစ်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အမှတ်(၃၆)၊ လမ်း(၂၀)၊ (၈၀-၈၁)လမ်းကြား၊ ပုလဲငွေရောင်ရပ်နေ (ဦးဘစံ-ဒေါ်ခင်အေး)တို့၏ သမီး၊ (ဦးထွန်းလင်း-ဒေါ်ခင်ညွန့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၁၃)နေ (ဦးခင်မောင်သန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးမောင်မောင်သွင်-ဒေါ်ခင်ကြည်)၊ (ဦးဘရွှင်-ဒေါ်စိန်စိန်)၊ ဦးခင်မောင်-(ဒေါ်မြမြ)တို့၏ညီမ၊ ဦးမောင်မောင်ကျင်-ဒေါ်စန်းရီ၊ (ဦးသောင်းခင်)-ဒေါ်ခင်ခင်တို့၏အစ်မ၊ ဦးအောင်ညွန့်လွင် (ကျော်သာဆောက်လုပ်ရေးကုမ္ပဏီ၊ မန္တလေး)၊ ဒေါက်တာနီနီသန်း (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာနှင်းနှင်းသန်း (ပါမောက္ခ၊ဓာတုဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်သန်း(ဌာနမှူး၊ ပြင်ပလူနာဌာန၊ အမှတ်-၂ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀)-ဒေါက်တာမေမြင့်ဦး (COUNTRY HEAD, SANOFI MYANMAR CO,LTD.)၊ ဒေါက်တာ နေဝင်းသန်း (ကထိက၊ အသည်းနှင့်သည်းခြေလမ်းကြောင်းခွဲစိတ်ကုသဌာန၊ အထူးကုဆေးရုံကြီး၊ ခုတင်-၅၀၀)-ဒေါ်စိုးစိုးအောင် (MD, MYANMAR CALCIUM INDUSTRY CO, LTD.)၊ ဒေါ်မိုးမိုးသန်း [KISCO(T) LTD]-ဦးအောင်မင်းသန့် (MD, KKG CO, LTD)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မမေသက်နှင်း၊ မောင်ရဲအာကာ၊ မသုသုသန်းအောင်၊ မမိုးယုယုသန်းအောင်၊ မောင်မင်းသန့်လင်းတို့၏ ချစ်လှစွာသောအဘွားသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၃ နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါ ဦးဝိစာရအိမ်ရာ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း ဒါယကာကြီး**

## ဦးကံလှ (၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ကိုင်းတန်းလမ်း၊ အမှတ် (၉၀)နေ (ဦးပွ-ဒေါ်ဖန်)တို့၏သား၊ (ဦးဖိုးသစ်-ဒေါ်သိန်းလှ)တို့၏ သားသမက်၊ (ဒေါ်တင်ဆိုင်)၏ခင်ပွန်း၊ (ဦးခင်ကြည်-ဒေါ်မေရီညွန့်)၊ ဦးဇော်လင်း-ဒေါ်အေးအေးမြင့်(လန်းဆန်းဝင်းကုမ္ပဏီ)၊ ဒေါ်ခင်ယုမေတို့၏မွေးသဖခင်၊ မောင်အောင်ဇော်မိုး၊ မဆုမြတ်သူတို့၏အဘိုး၊ မောင်ကျော်တည်၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁း၅၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဦးတင် (လဝက-၁၁၈၁) (လဝကဦးစီးမှူး-ငြိမ်း)

**အသက် (၈၃)နှစ်**

မော်လမြိုင်မြို့နေ (ဦးအောင်မြင့်-ဒေါ်စိန်မျင်)တို့၏သား၊ ဖျာပုံမြို့နေ (ဆရာတင်-ဒေါ်ကျင်မြိုင်)တို့၏ သားသမက်၊ (ဦးချစ်စိန်)-ဒေါ်အေးသန်းတို့၏မောင်၊ (ဗိုလ်ကြီးဝင်းအောင်)-ဒေါ်ညွန့်ရီတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ နီလာလမ်း၊ အမှတ် (၃၇)နေ ဒေါ်ကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ [ဗိုလ်ကြီး ကိုကိုကြီး (OTS-66)]၊ ဦးကိုကိုလေး (ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်သိန်းနုခိုင် (ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)၊ ဦးဝင်းဟန် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ကေသီ (အထွေထွေမန်နေဂျာ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဦးကိုကိုထွေး (M.D, K&K Maha Construction Co., Ltd)၊ ဒေါ်အေးအေးခိုင် (ဦးစီးအရာရှိ-ငြိမ်း၊ FERD)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မပန်းမြတ်သဏ္ဍာ (သတ္တမတန်း-A၊ ထ-၅၊ ဗိုလ်တထောင်)၏ အဘိုးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၄၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ဝမ်းနည်းကြေကွဲခြင်း

## ဦးချစ်ကိုကို (၆၇)နှစ်

**2nd Mate (F.G)**

ဒေါ်မူမူဟန် ၏ ခင်ပွန်း၊ မအိဖြူစင်၊ မောင်သန့်စင်တို့၏ ဖခင် ဦးချစ်ကိုကို သည် ၁၀-၇-၂၀၁၇ ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေမိုးဦး အိမ်ခြံမြေ မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းသိမ်း(ပေါက်ခေါင်းမြို့)

### အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့၊ (၄)ရပ်ကွက်၊ ငုဝါလမ်းနေ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း-ဒေါ်ရွှေဝါတင်အုံး၊ ရန်ကုန်မြို့နေ ဦးကျော်စွာဝင်း-ဒေါ်အိရွှေစင်သိမ်း (YCDC)၊ နေပြည်တော်နေ ဗိုလ်ကြီးတင့်လွင်သိမ်း(ငြိမ်း)-ဒေါ်ထားကလျာရှင်၊ ရန်ကုန်မြို့နေ ဦးစိုးသီဟ-ဒေါက်တာဒေါ်ဖြိုးသူဇာသိမ်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးအုန်းသိမ်းသည် ၁၂-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၆နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်း၊ အမှတ်(၈၂/B) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံ ငြိမ်းအေးဇရပ်၌ တရားနာယူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြီး(ငြိမ်း)

လေ ၁၆၀၀ (OTS-39)

### အသက် (၇၂) နှစ်

အခန်း(၄)၊ တိုက်(၂၀၈)၊ ချယ်ရီလမ်း၊ သုဝဏ္ဏနေ ဒေါ်ခင်သန်းချို၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး မောင်မောင်ကြီး(ငြိမ်း)သည် ၁၀-၇-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

ရဟန်း ဒါယိကာမကြီး

## ဒေါ်ယဉ်ယဉ်ကြည် (ခ)

## ဒေါ်ယဉ်မေအေး (၆၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၅)လမ်း၊ အမှတ်(၄၆)နေ (ဦးခင်မောင်-ဒေါ်ခင်သိန်း)တို့၏ သမီး၊ ဦးလှမြင့်-ဒေါ်နှင်းမြတို့၏ ညီမ၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးညွန့်အောင် (သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ)-ဒေါ်ခင်သန်းဝင်း၊ ဦးစောလွင်အောင်၊ ဦးသောင်းဌေး-ဒေါ်ခင်ဝိုင်းထွေး၊ ဒေါ်ခင်ဝိုင်းအေး(ဟိုင်လုံရေခဲနှင့်ငါးလုပ်ငန်း)တို့၏အစ်မကြီး၊ တူ/တူမ လေးယောက်တို့၏အဒေါ်သည် ၁၂-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအေးအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအုန်းလှိုင် (၆၅)နှစ်

**သဘော်ဆေးစက်ရုံအမှတ်(၁)၊ ငြိမ်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၅)နေ (ဦးကြည်)-ဒေါ်သိန်းတင်တို့၏သား၊ (ဦးဝင်းအောင်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်ခင်အေးရီ(တပ်မတော်သဘော်ဆေးစက်ရုံ-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇင်ဝင်းကို (SH-Shipping)-မအေးမြသော်တာတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဂုဏ်ရှိန်တိုး၏ချစ်လှစွာသောအဘိုးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုဟိန်းကျော်ဇင်လတ် (ခ)

## ကိုရွှေတိုး အသက်(၃၀)

**မဟာရွှေကုန်မာပစ္စည်း၊ သိမ်ကြီးဈေး(E)ရုံ**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၆)၊ ပထမထပ်၊ ကုန်ဈေးတန်းလမ်းနေ (ဦးထွန်းလူ-ဒေါ်တုတ်)တို့၏ မြေး၊ (ဦးမြင့်လွင်)-ဒေါ်အုန်းမြ (မဟာရွှေ ကုန်မာပစ္စည်းရောင်းဝယ်ရေးဆိုင်)၊ အမှတ်(၁၀၁)၊ သိမ်ကြီးဈေး(E)ရုံ၊ မြေညီထပ်ပိုင်၏တစ်ဦးတည်းသောသား၊ ဒေါ်အေးသိန်း၏တူ၊ မဖြိုးစန္ဒာကျော်၏မောင်၊ ဗိုလ်ကြီးဇော်လင်းပိုင်-မဝင်းသီရိမော်၊ မသက်ငုံဖူးတို့၏ အစ်ကို၊ မောင်ခန့်ထည်ဟိန်း၊ မောင်လွှမ်းထက်နိုင်၊ မငြိမ်းသက်ထားဇင်တို့၏ ဦးလေးသည် ၉-၇-၂၀၁၇ (တနင်္ဂနွေနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်တင်သိန်း (၇၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၆၄)၊ မြေညီထပ်၊ (၂၉)လမ်းနေ ဦးမြင့်ရွှေ၏ဇနီး၊ ဦးသန်းနိုင်-ဒေါ်မြင့်မြင့်စိန်း၊ ဦးရဲထွဋ်တင်-ဒေါ်မိမိနိုင်၊ ဦးသန်းဆွေ-ဒေါ်မြင့်မြင့်အေး၊ ဦးသန်းလှိုင်၊ ဦးတိုးလွင်-ဒေါ်ယမင်းလှိုင်၊ ဦးသန့်ဇင်အောင်-(ဒေါ်အေးအေးစု)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၂-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကြီးကြီးသိန်း (၅၈)နှစ်

**အကြီးတန်းစာရေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တရားရုံး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၉၂)၊ ပထမထပ်နေ (ဦးဖေသိန်း-ဒေါ်ရီတင်)တို့၏ တတိယသမီး၊ သရက်မြို့နေ (ဦးလှဒင်-ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ ဦးမြင့်ညိမ်း-ဒေါ်အေးအေးသိန်း၊ ဒေါ်ငြိမ်းငြိမ်းသိန်း (ဗဟန်းတရားရုံး)တို့၏ ညီမ၊ ဦးသိန်းထွန်းဦး-ဒေါ်သီတာဝင်းတို့၏အစ်မ၊ မစုနန္ဒာထွန်း(အဝေးသင်၊ ဒုတိယနှစ်-ဥပဒေ)၊ မနှင်းဝင့်အောင်(ပထမနှစ်၊ မြန်မာစာ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ ဦးမြင့်ထွန်း၏ ချစ်လှစွာသောဇနီး ဒေါ်ကြီးကြီးသိန်းသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း အမ

## ဒေါ်ဝင်းဝင်းမော် (၄၅)နှစ်

**(ဝါးခယ်မ)**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ တလိုင်းစုကျေးရွာနေ ဦးလှမြင့်-ဒေါ်အုံးကျင်တို့၏ သမီးကြီး၊ (ဦးသိန်းကွယ်-ဒေါ်လှကြည်)တို့၏သမီးချွေးမ၊ ဒေါ်ဆွေဆွေမော်၊ ကိုဝင်းဇော်-မသီရိ၊ မောင်နေဝင်းဆွေ-မတင်တင်မော်တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ် (၆၁/၆၃)၊ ခြောက်လွှာ(ဘီ)နေ ဦးဝင်းနိုင်၏ ချစ်လှစွာသောဇနီး၊ မောင်ဖြိုးသန့်ကို၊ မအိန္ဒြာဖြူ မအိကေခိုင်တို့၏ မွေးသမိခင်သည် ၁၁-၇-၂၀၁၇ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်း(နတ္တလင်း)

### အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၂၈)နေ (ဦးတင်ဦး)၏ဇနီး၊ ဦးဟန်ညွန့်-(ဒေါ်အေးမြင့်)၊ ဦးညွန့်မောင်-(ဒေါ်ညွန့်ညွန့်ဝေ)၊ (ဦးတင်အောင်)-ဒေါ်ခင်အုံးမြင့်တို့၏အစ်မကြီး၊ ဦးကျော်ကျော်ဝင်း-ဒေါ်အေးအေးဝင်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ကျော်ဝင်း[ဒုတိယဝန်ကြီး(ငြိမ်း)၊ သမ္မတရုံးဝန်ကြီးဌာန]-ဒေါ်အမာ၊ ဒေါက်တာစိုးဝင်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးကိုကို-ဒေါ်မာလာဝင်း၊ ဦးစွမ်းပြည့်-ဒေါ်သန္တာဝင်း၊ (ဦးနိုင်ဝင်း)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်အောင်ဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှာ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၇(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြိုင် [B.A,H.G.P, R.L] (၇၁)နှစ်

**မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၃) (ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်၊ စိန်ခဲမြခဲအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၁)နေ (ဦးမောင်လှ-ဒေါ်အေးငွေ)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်ညွန့်)တို့၏ သားသမက်၊ (ဦးမြင့်စိန်-ဒေါ်ခင်စန်း)တို့၏အစ်ကိုကြီး၊ ကိုရန်နိုင်ဦး-မအေးသဥ္ဇာဖြိုး၊ ကိုခင်မောင်နိုင်-မတင်တင်ဇော်၊ ကိုစိုးလင်းတို့၏ ဘကြီး၊ ဦးကျော်ရွှေ-ဒေါ်မြမြအေးဦးဆင့်-ဒေါ်တိုးတိုးအေး၊ ကိုသန်းညွန့်-မမေသူ၊ ကိုငွေစိုး-မအေးအေးမင်းတို့၏အစ်ကို၊ ဒေါ်သန်းသန်းအေး(K.H.M Co.,Ltd)၏ခင်ပွန်းသည် ၁၁-၇-၂၀၁၇ရက် နံနက် ၀၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့် အသက် (၇၀)

**အလယ်တန်းပြဆရာ(ကာယ-ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၈၅)နေ (ဦးချစ်တင်-ဒေါ်ရီ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်နေ (ဦးကုလားကြီး-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ဒေါ်ပြုံး၏ခင်ပွန်း၊ (ဦးသန်းလွင်)-ဒေါ်ခင်လှ၏ခဲအို၊ (ဦးကျော်ကျော်ဝင်း)-ဒေါ်နီနီဝင်း၊ ဦးမင်းဇော်-ဒေါ်ခင်မိုးလှိုင်၊ ဦးနေလင်းဦး-ဒေါ်သင်းသင်းဝင်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ခန့်ညားထက်၊ မောင်ထူးထက်နောင်၊ မောင်ဇွဲလရောင်၊ မမြတ်သဒ္ဒါချစ်တို့၏အဘိုးသည် ၁၁-၇-၂၀၁၇(အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သီတာပြုံး (၆၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီဥယျာဉ်ကွန်ဒို(၁)၊ အခန်း(4-D)နေ ဦးတင်ဝင်း(ပေါင်းတည်မြို့နယ်အသင်း)၏ဇနီး၊ ဦးအုန်းလွင်အောင်-ဒေါ်ခင်ဖြူမာဝင်း၊ ဦးငြိမ်းမောင်မောင်စံ-ဒေါ်ခင်ချိုနွယ်ဝင်းတို့၏ ကျေးဇူးရှင်မိခင်၊ မောင်ဘုန်းပြည့်သီဟ၊ မောင်ဘုန်းသစ်သီဟတို့၏ ဘွားဘွားကြီးသည် ၁၂-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၈နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုဒ်ဦး ဒါယကာကြီး

## ဦးလှစိုး(မြန်မာ့မီးရထား-ငြိမ်း) (၆၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၁၄)နေ (ဦးမောင်ကို-ဒေါ်စန်းရီ)တို့၏သား၊ (ဦးထွန်းအေး-ဒေါ်ချစ်မြ)တို့၏ သားသမက်၊ ဦးလှသိန်း-ဒေါ်လှမြင့်၊ ဦးတင်ထွန်း-ဒေါ်တင်တင်မြင့်၊ ဦးရွှေထွန်း-(ဒေါ်အေးမြင့်)တို့၏မောင်၊ (ဒေါ်စမ်းစမ်းနွဲ့)၊ ဒေါ်ဝါတို့၏အစ်ကို၊ ကိုဘုန်းထက်အောင်-မမွန်မွန်သက်၊ မဆုရတနာမွန်တို့၏ဖခင်၊ မောင်ခေတ်ဘုန်းကို၊ မောင်ညီခေတ်ဘုန်းတို့၏အဘိုး၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၁၂-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း(တပ်မတော်-ငြိမ်း) (၆၂)နှစ်

(ဦးခင်မောင်-ဒေါ်မြသိန်း)တို့၏ သား၊ (ဦးစံရွှေ-ဒေါ်သန်းမြ)တို့၏ သားသမက်၊ ဦးချန်ထွန်းအောင်-ဒေါ်အေးအေးမြင့်၊ ဦးတင်ဇော်ဦး-ဒေါ်အေးအေးစိုးတို့၏ညီ/မောင်၊ ဗိုလ်မှူးရဲထက်(ငြိမ်း)-ဒေါ်ငွေငွေဝင်း၊ ဦးစောဝင်းနိုင် (ဒု-ညွှန်ချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်ပြုံးရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အမှတ်(၃၃၂)၊ အောင်မင်္ဂလာလမ်းနေ ဒေါ်မြင့်မြင့်ဝေ၏ ခင်ပွန်း၊ ဦးဝင်းချိုအောင်-ဒေါ်ဝေမာသိန်းဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မစန်းသော်တာ၏အဘိုး ဦးသိန်းဝင်းသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ရက် ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇နာရီမှ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ချိုမာညွန့်(ခ)ချယ်ရီ(ခ)ချိုကြီး (၄၈)နှစ်

**သဲအင်းဂူ ၃၂ ယောဂီဟောင်း**

**M.C Tech (UCSY),Master of Computing (NUS, Singapore)**

ချောက်မြို့နေ (သခင်ခင်-ဒေါ်တင့်)၊ ရေနံချောင်းမြို့နေ (ဦးညွန့်-ဒေါ်ကြီး)တို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ်(၁၂)၊ ကန်ဦးလမ်း၊ ကန်တော်မွန်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးမြသောင်းညွန့်)-ဒေါ်မြမြ(S'pore)တို့၏သမီးငယ်၊ ဦးထွန်းလင်းညွန့်၊ ဦးရဲမင်းဦး-ဒေါ်သန္တာညွန့်၊ ဒေါ်စန္ဒာညွန့်(S'pore)တို့၏ ညီမ၊ မမေမြတ်သူ၏အဒေါ်သည် ၁၂-၇-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ရည် (၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၄)လမ်း၊ အမှတ်(၈၉)နေ (ဦးချစ်တီး-ဒေါ်ခွေးမ)တို့၏သမီး၊ (ဒေါ်စိန်မြ)၊ ဦးကျော်တို့၏ညီမ၊ ဦးစိန်ဝင်း၊ ဒေါ်ကြီးတန်တို့၏အစ်မ၊ ဦးစံဝင်း-ဒေါ်စန်းကြည်၊ ဦးဖေသက်တင် (ကဥ္စနကျွန်းသာကုမ္ပဏီ)၊ ဒေါ်နွဲ့နွဲ့ဝင်း(ရန်ကုန်တက္ကသိုလ်)၊ ဦးမောင်မောင်ခင်(ရွှေဝါရောင်ကုမ္ပဏီ)-ဒေါ်စန်းစန်းရီ၊ ဦးမောင်မောင်တင်၊ ဦးမောင်မောင်တိုး-ဒေါ်အေးအေးမော်(အမက-၂၊ စမ်းချောင်း)၊ ဦးအောင်အောင်မိုး (ကဥ္စနကျွန်းသာကုမ္ပဏီ)-ဒေါ်ဖြူနှင်းမာလာ(မြို့တော်စည်ပင်)၊ ဦးဟန်ထွန်း(မြတ်ရတနာထွန်း စက်မှုလက်မှု၊ ဘုရင့်နောင်ဈေး)-ဒေါ်သီတာ၊ ဦးသန့်စင်ထွေး-ဒေါ်သင်းသင်းခိုင်၊ ဒေါ်နီလာထွန်း(ဝင်းဝင်းမြန်မာကုမ္ပဏီ)တို့၏ကျေးဇူးရှင် မွေးသမိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ဦးထွန်းစည်၏ဇနီးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) ည ၁၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ တံတား၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးသိန်းစိုးဦး (ရန်ကုန်)

### အသက် (၆၄)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမပြင်ကျေးရွာနေ (ဦးခိုင်သာဇံ-ဒေါ်မစိုးညွန့်)တို့၏သားကြီး၊ (ဦးစံမောင်)-ဒေါ်မသခါတို့၏ သားသမက်၊ ဒေါ်ဦးမြသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှမောင်သိန်း၊ ဦးမောင်သိန်းထွန်း၊ (ဦးမောင်သာအေး)၊ ဦးမောင်အေးမြင့်၊ ဦးမောင်သိန်းအေး(U.S.A)တို့၏ အစ်ကိုကြီး၊ မောင်မျိုးထွန်းလင်း-မသဉ္ဇာစိုး (အာရှရွှေသရဖူ အထွေထွေရောင်းဝယ်ရေး၊ စစ်တွေ)၊ မောင်ထွန်းနိုင်-မသိန်းသန်းအေး(ကနေဒါ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဆုအိန္ဒြေခိုင်၊ မရွှန်းလဲ့လဲ့အောင်တို့၏ ချစ်လှစွာသောအဘိုးရှင်သည် ၁၁-၇-၂၀၁၇ ရက် ည ၈း၄၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၄၀/ဘီ၊ ၄၃-လမ်း၊ အောက်၊ ၆/ရပ်ကွက်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်အေး (၅၈)နှစ်

**မြန်မာ့မီးရထား(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅၉/၆)နေ ဦးဖေအေး-(ဒေါ်သောင်းတင်)တို့၏သားကြီး၊ ဒေါ်သန်းလဲ့၏ခင်ပွန်း၊ ဒေါ်မိမိမော်၊ ဦးငွေးကို-ဒေါ်မိမိသော်၊ ဒေါ်မီမီအေး၊ ဒေါ်မော်မော်အေး၊ ဦးတင်ရွှေ-ဒေါ်တင်တင်အေး၊ ဦးခင်မောင်ထွေး၊ ဦးဝင်းထွဋ်ဝင်းတို့၏အစ်ကိုကြီး၊ မသွယ်သွယ်နှင်းဦး၊ မမေသက်ကျော်တို့၏ဖခင်၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၇-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၁)ပါ ဦးစိုးလွင်(ခ)ဘူချော (၅၄)နှစ် နာရေးကြော်ငြာတွင် ကားထွက်မည့်အချိန်အား နံနက် ၉ နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ အာဇေယျ

**(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**ဓမ္မောဒယပရိယတ္တိစာသင်တိုက်၊ ကျိုင်းတုံမြို့**

## သိက္ခာတော် (၇၁)ဝါ၊ သက်တော်(၉၁)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ (၃)ရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ ဓမ္မောဒယပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွှေကျင်နိကာယ ဩဝါဒါစရိယ ဘဒ္ဒန္တအာဇေယျ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆင့်မမြောက် ဆရာတော်ကြီးသည် (၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်) ၁၁-၇-၂၀၁၇ (အင်္ဂါနေ့) ည ၇း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

စျာပနကျင်းရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာကြီး ဒေါ်မာလာသီရိ (စူဠဂန္ထဝါစက စာချနာယက)

## သိက္ခာတော် (၆၀)၊ သက်တော် (၇၆)နှစ်

**သာသနနောဒယ(ပြည်) သီလရှင်စာသင်တိုက်၊ကျိုက်ဝိုင်း၊မရမ်းကုန်းမြို့နယ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပေတပင်ရွာသစ်နေ ဦးမောင်စိန်ညှာ-ဒေါ်ရွှေခဲတို့၏သမီး၊ ဦးကျော်သိန်း၊ ဦးမောင်ဘချစ်၊ ဦးဝင်းလှိုင်(ခ)ချက်ကြီးတို့၏အစ်မ၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျောက်တော်ကြီးဘုရားလမ်း၊ သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်၊ စူဠဂန္ထဝါစကပဏ္ဍိတ စာချနာယကဆရာကြီးဒေါ်မာလာသီရိသည် (၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) ၁၁-၇-၂၀၁၇(အင်္ဂါနေ့) ည ၉း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ရက်) ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် အထက်ပါကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ ပဓာနနာယကဆရာကြီးနှင့် တပည့်များ

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကြည်စိန်(မြန်မာ့ကျောက်မျက်ရတနာ)

### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးလှဖေ-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၉၆)နေ ဒေါ်ခင်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ လှသီတာတိုက်ခန်း၊ အမှတ် (အေ-၅)နေ ဦးမောင်မောင်ခင် (ကျောက်မျက်)-ဒေါ်မြင့်မြင့်ကြည်၊ (၈၉)နေ ဦးရေအေး၊ ဒေါ်လှလှကြည်၊ ဦးမောင်မောင်နိုင်-ဒေါ်ပြုံးပြုံးကြည်၊ ဦးမင်းလှိုင်-ဒေါ်အေးအေးမော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်တို့၏အဘိုး ဦးကြည်စိန်သည် ၁၁-၇-၂၀၁၇(အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာ ဦးသန်းအုံး (၇၅)နှစ်

**အထက(၃)၊ မုံရွာ(ငြိမ်း)**

**အထက်တန်းပြဆရာ(B.A, B.Ed)**

ရန်ကုန်မြို့၊ အမှတ်(၁၅)၊ သုဓမ္မာလမ်း၊ ကျောက်မြောင်းနေ ဦးစန်းရေ-ဒေါ်ရွှေသင်(မုံရွာ)တို့၏သားငယ်၊ ဆရာဦးအောင်ခင်-ဆရာမကြီးဒေါ်အေးစိန် (ထန်းပုရွာ)တို့၏သားသမက်၊ ဦးကောင်းညွှန့်-ဒေါ်တင်ညွန့်၊ ဦးစိုးပိုင်-ဒေါ်မြသိန်းတို့၏ညီငယ်၊ [ဆရာမ ဒေါ်ခင်စန်းမြင့်(အထက-၃၊ မုံရွာ၊ အထက်တန်းပြဆရာမ-ငြိမ်း)]၏ခင်ပွန်း၊ ဒေါက်တာနိုင်ဝင်း (ခေတ္တ-Austrilia နိုင်ငံ၊ Devonport ဆေးရုံကြီး)၊ ဒေါက်တာညီစိုးမင်း(ခွဲစိတ်ကုသဆောင်၊ ရန်ကုန်ဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ ဂုဏ်ထူးဦးသိန်းနိုင်(ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဂုဏ်ထူးမြန်မာစာနည်းပြ)-ဆရာမ ဒေါ်ကြည်ကြည်တင်တို့၏ညီ၊ ဦးမောင်မောင်တာ-ဒေါ်ခင်မေချစ်(ပျိုးခင်းမွန်)၊ ဆရာဦးသန်းအောင်-ဒေါ်တင်ဝင်းနွဲ့ (ဂုဏ်ထူးအောင်)တို့၏အစ်ကို ဦးသန်းအုံးသည် ၁၂-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ည ၁၂း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၇-၂၀၁၇ (အင်္ဂါနေ့)တွင် သုဓမ္မာလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (၆၂)နှစ်

**မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**

**T.T.C ကျောင်းသားဟောင်း**

ရန်ကုန်မြို့နေ (ဦးညွန့်-ဒေါ်သန်းမြ)တို့၏သားကြီး၊ ဦးမျိုးမင်းခိုင် (အကောက်ခွန်-ငြိမ်း)-ဒေါ်စန်းစန်းမြင့်(အကောက်ခွန်-ငြိမ်း)တို့၏ မောင်၊ (ဦးကျော်မြင့်)-ဒေါ်မြရီ၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းနိုင်(ခ)ဦးသုမန၊ (ဒေါ်သက်သက်ညွန့်)၊ ဦးသက်လွင်(ဌာနမှူး၊ ဒဂုံတက္ကသိုလ်)-ဒေါ်အေးအေးငြိမ်း၊ ဦးထွန်းအောင်ခိုင် (T.T.C/ကမာရွတ်)တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၄ ယောက်တို့၏ဘကြီး၊ မစိမ်းလဲ့နှင်း၏ဖခင်၊ ဒေါ်ခင်အေးကြူ(လ/ထ မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)၏ခင်ပွန်း ဦးစိုးဝင်းသည် ၈-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုလ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၇(သောကြာနေ့)တွင် သာသနဟိတကာရီဓမ္မာရုံ၊ ဖဆပလသို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီရဖစ်(ခ)ဦးသန်းရွှေ (၅၈)နှစ်

**(ကိုင်ရှိအပ်ချုပ်ဆိုင်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၆)လမ်းနေ ဦးမဂျစ်-ဒေါ်စဖီယာဘီဘီတို့၏ ဒုတိယမြောက်သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ်(၁၁)၊ သုံးလွှာနေ ဟာဂျီမဒေါ်ခင်မေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီကိုဆန်းအောင်-မသဇင်ဦး၊ ဟာဂျီကိုဇေယျာမင်း-ဟာဂျီမဒေါ်ခင်သီတာချို၊ ဟာဂျီတင်ထူးအောင်-ဟာဂျီမသန္တာဝင်း၊ မော်လဝီအာရိဖ်ဖာသ်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၇-၂၀၁၇ ရက် နံနက် ၁း၄၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁း၁၅နာရီတွင် ကဘာရ်စတာန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု





မုံရွာမြို့ ချင်းတွင်းမြစ်ရေတက်နေမှုကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

# ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူများထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၂**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည့် မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စု အနာကြီးရောဂါဆေးရုံမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား နံ့သာမြိုင်ကျေးရွာ မူလတောင်သူ ၃၁၈ ဦးထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



# နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ်

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(နတ်မောက်)နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)တို့ကို အခမဲ့ဖွင့်လှစ်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၂**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (နတ်မောက်)နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)**(အပေါ်ပုံ)**တို့ကို ရဟန်းရှင်လူ၊ ပြည်သူလူထုနှင့် နိုင်ငံခြားသားများ အခမဲ့ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် (နတ်မောက်)တို့ကို ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ဇူလိုင် ၂၀၊၂၁၊၂၂၊၂၃ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)ကို ဇူလိုင် ၁၉၊၂၀၊၂၁ ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စုပေါင်းတံခွန်စိုက်ဆု ကရင်ပြည်နယ်ရရှိ

**ရန်ကုန် ဇူလိုင် ၁၂**

၂၀၁၇ ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြပြီး စုပေါင်းတံခွန်စိုက်ဖလားဆုကို လက်ခံရယူကြသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳**



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရောဝတီမြစ်ကမ်းပါးအနီးတွင် နေထိုင်ကြသော ကျေးရွာများမှ အိမ်ထောင်စုအချို့ မြစ်ကမ်းပါးပြိုကျနေမှုများကြောင့် ဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့လျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - သူရထွန်း(ပွင့်ဖြူ)

